# ကျောင်းသားအာဇာနည်ခေါင်းဆောင်ကြီး ဆလိုင်းတင်မောင်ဦး နှင့် ဖြတ်သန်းခဲ့ကြသူများ

စုဆောင်းတင်ပြသူ– **B.A (Thang), Salai**



မြန်မာနိုင်ငံ ကျောင်းသားလှုပ်ရှားမှု သမိုင်းတလျှောက် သမိုင်းတွင်ရစ်မည့် လေးစားဂုဏ်ယူဖွယ်ရာ နောင်တော် ကျောင်းသား အာဇာနည် ခေါင်းဆောင်ကြီး ဆလိုင်းတင်မောင်ဦးတယောက် မြန်မာပြည်သူတရပ်လုံး၏ လွတ်မြောက်ရေး အတွက် အသက်စတေးခဲ့သည်မှာ– ၂၀၁၀ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့တွင် (၃၄) နှစ် တင်းတင်းပြည့်မြောက်ခဲ့ပေပြီ။

နှစ်ပရိစ္ဆာအားဖြင့် ဆယ်စုနှစ်ပေါင်း (၃) ခုပင် ကျော်လွန်ကြာညောင်း လာခဲ့သည့်တိုင်အောင် ဆလိုင်းတင်မောင်ဦး၏ ကြိုးစင်ထက်မှ နောက်ဆုံးကြုံးဝါးလိုက်သည့် အသံသည် ယနေ့ ကျွန်ုပ်တို့ လူငယ်မျိုးဆက်သစ်များ၏ ရင်ထဲတွင် မြည်ဟီး နေဆဲ၊ ရှင်သန်ကိန်းအောင်း နေဆဲ၊ အသစ်အသစ်သော စွမ်းအားတို့ကို သွန်းလောင်းပေးနေဆဲ ဖြစ်၏။

> **"မင်းတို့ ငါ့ခန္ဓာကိုယ်ကို သတ်နိုင်ပေမယ့် ငါ့ရဲ့ ယုံကြည်ချက်ကို မင်းတို့သတ်လို့မရဘူး"**

ဆလိုင်းတင်မောင်ဦး၏ ယုံကြည်ချက်ကို စစ်ဘီလူးတို့ အမှန်တကယ်ပင် အသေမသတ်နိုင်ခဲ့ပါ။ လူကိုတော့ သတ်ခဲ့ကြသည်။ အသက်ကိုတော့ စတေးခဲ့သည်။ ဆလိုင်းတင်မောင်ဦး၏ စိတ်ဓါတ်၊ သူ၏ ယုံကြည်ချက်တို့သည် မသေ၊ ထာဝရ ရှင်သန်နေဦးမည်သာ ဖြစ်၏။ ပြည်သူတို့၏ ယုံကြည်ချက်နှင့် တထပ်တည်း တသားတည်းဖြစ်သဖြင့်လည်း သူ၏ ယုံကြည်ချက်တို့သည် မြန်မာပြည်သူတရပ်လုံး၏ နှလုံးသားတွင် ထာဝစဉ်ကိန်းအောင်းရှင်သန်နေမည်သာ ဖြစ်၏။

ကျောင်းသားအာဇာနည် ဆလိုင်းတင်မောင်ဦး တယောက် တိုင်းပြည်နှင့်ပြည်သူတို့အတွက် အသက်စတေးခဲ့၊ ကျဆုံးခဲ့သည့် (၃၄) နှစ် မြောက်နေ့တွင် ကျနော်များ CHIN WORLD ([www.chinworld.info](http://www.chinworld.info)) ဝိုင်းတော်သားများမှလည်း သူ့ကိုရည်စူးဂုဏ်ပြုသည့် အနေဖြင့် ဆလိုင်းတင်မောင်ဦးနှင့် ကြုံတွေ့ဖြတ်သန်း၊ လှုပ်ရှားခဲ့သူများကို တွေ့ဆုံမေးမြန်းကာ ဆလိုင်းတင်မောင်ဦး၏ ဘဝကြေးမုံပုံရိပ်များကို အများပြည်သူတို့အတွက် ချယ်မှုန်းဖော်ထုတ်ရန်ကြိုးစားထားပါသည်။

ဤတွင် ဆလိုင်းတင်မောင်ဦး၏ ငယ်သူငယ်ချင်း ဦးအောင်ထူး၊ ဆလိုင်းတင်မောင်ဦးနှင့် ဦးသန့်အရေးအခင်းတွင် အတူတကွ ဦးဆောင်ခဲ့သူ ကျောင်းသားခေါင်းဆောင် ဦးထွန်းအောင်ကျော်၊ ဆလိုင်းတင်မောင်ဦး၏ ညီရင်းအကိုကဲ့သို့ဖြစ်သော ဒေါက်တာဇလေ့ထန်း၊ ဆလိုင်းတင်မောင်ဦးနောက်ဆုံးနေခဲ့သော အင်းစိန်ထောင်တိုက်သစ်၊ အခန်း(၁)တွင်နေခဲ့သူ ကျောင်းသားခေါင်းဆောင် ဦးအောင်စောဦး၊ ချင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ (ခစယ) တွင် ဆလိုင်းတင်မောင်ဦး၏ လုပ်ဖော်ကိုင်ဖက် တာန်နန်လျန်ထန်၊ ဆလိုင်းတင်မောင်ဦးအတွက် အမှတ်တရ ဆောင်းပါးရေးခဲ့သူ ဆလိုင်းကစ်(ပ်)ခိုလျန်၊ ဆလိုင်းတင်မောင်ဦး၏မိတ်ဆွေ ဒေါက်တာဆလိုင်းပါကျင်နှင့် ဆလိုင်းတင်မောင်ဦး၏ ညီမဖြစ်သူ မိုင်ပိုပိုတို့မှ ဆလိုင်းတင်မောင်ဦး၏ ဘဝပုံရိပ်များကို ဖော်ထုတ်ထားပါသည်။

ကျောင်းသားအာဇာနည် ခေါင်းဆောင်ကြီး ဆလိုင်းတင်မောင်ဦးအား ဤအစီအစဉ်အားဖြင့် CHIN WORLD ဝိုင်းတော်သားများမှ အလေးပြုလိုက်ပါသည်။

www.chinworld.info

- ဇာတိက တောင်ငူ၊ အရှိုမြေပြန့်ချင်း မိဘများဖြစ်သော ဦးလှဒင်နှင့် ဒေါ်နှင်းမြိုင်တို့၏ သား/သမီး (၈) ဦး ထဲမှ သားကြီး ဩရသ ...... ဆလိုင်းတင်မောင်ဦး။

- ၁၉၆၉ ကျွန်းဆွယ်အရေးအခင်း၊ ၁၉၇၀ ရန်ကုန်တက္ကသိုလ် ရွှေရတု အရေးအခင်း၊ ၁၉၇၂ ကျောင်းသားအရေးအခင်း၊ ၁၉၇၄ခုနှစ် ဇွန်လ အလုပ်သမားသပိတ်တို့တွင် တက်ကြွစွာပါဝင်ခဲ့ပြီး ...၁၉၇၄ ခုနှစ် ဦးသန့်အရေးအခင်း မှစတင်ကာ ၁၉၇၅ ရွှေတိဂုံကျောင်းသားအရေးအခင်းနှင့် မှိုင်းရာပြည့် အရေးအခင်းများတွင် ကျောင်းသားထု၏ ခေါင်းဆောင်ကြီးအဖြစ် သတ်မှတ်ခံရသူ ...... ...... ဆလိုင်းတင်မောင်ဦး။

- လာရှိုးသိန်းအောင်၏ "အမေတခု သားတခု"၊ စိုင်းထီးဆိုင်၏ "မွန္တလေးရောက် ရှမ်းတယောက်" နှင့် Tom Jones ၏ Green Green Grass of Home၊ The Cascades ၏ Rhythm of the Falling Rain၊ The Beatles ၏ Obladi Oblada ၊ Tchaikovsky ၏ Piano Concerto No.1 တို့ကို နှစ်ခြိုက်စွဲလမ်းသူ ...... ဆလိုင်းတင်မောင်ဦး။

- ဥတုသုံးပါးတွင် မိုးရာသီကို နှစ်သက်သူတဦးဖြစ်ကာ Rhythm of the Falling Rain သီချင်းအား မိုးရွာသံများနှင့် အစပြုထားခြင်းကို အလွန်သဘောကျသူ ...... ဆလိုင်းတင်မောင်ဦး။

- ဖြစ်ချင်တာက– သိမ်မွေ့သည့် ဓမ္မအမှုတော်ဆောင်၊ သို့သော်ငြားလည်း မဆလစစ်အစိုးရ၏ ရက်စက်ဖိနှိပ်မှုများအကြားက ပြည်သူများ၏ လွတ်မြောက်ရေးအတွက် စနစ်ဆိုးကြီးကို ပြောင်းလဲနိုင်ရန် ကျောင်းသားထုကို ဦးဆောင်ကာ တော်လှန်သော ကျောင်းသား အာဇာနည်ခေါင်းဆောင်ကြီး ...... ဆလိုင်းတင်မောင်ဦး။

- ကြမ်းတမ်းခက်ထန်သည့် စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး၊ တော်လှန်ရေးမုန်တိုင်းများ၊ လှိုင်းတံပိုးများအကြားတွင် သူ၏ဘဝကို မလွဲမရှောင်သာ ကျင်လည် မြုပ်နှံခဲ့ရသော်လည်း နူးညံ့သိမ်မွေ့သည့် ဂီတအနုပညာတို့ကို နှစ်နှစ်ခြိုက်ခြိုက် ခံစားတတ်သူတယောက်အဖြစ် အနုပညာကို ငယ်စဉ်တောင်ကျေးကလေးဘဝကအစ အထုံဝါသနာရှိပြီး တယောထိုးခြင်းကို နှစ်သက်ဝါသနာပါကာ ကျွမ်းကျင်စွာတီးခတ်တတ်သူ ...... ဆလိုင်းတင်မောင်ဦး။



*(နဝမတန်းကျောင်းသားဘဝ က ဆလိုင်းတင်မောင်ဦး)*

********************

ကျောင်းသားအာဇာနည် ခေါင်းဆောင်ကြီးဆလိုင်းတင်မောင်ဦးအတွက် ကျန်ရစ်သူမိသားစုမှ
ရည်စူးတည်ဆောက်ထားသော အင်တာနက်စာမျက်နှာ
http://www.studentleadersalaikotinmaungoo.com တွင်လည်း သွားရောက်
လည်ပတ်လေ့လာနိုင်ပါသည်။

*"၁၉၆၂ မှာ စစ်အာဏာသိမ်းပြီး၊ ၁၉၇၄–၇၆ ကြားကာလမှာ– တကယ်တော့ မဆလပါတီနဲ့စစ်အာဏာရှင်စနစ်ဟာ အတော့ကို အခြေခိုင်တဲ့အခြေအနေလို့ ပြောလို့ရတယ်။ အခုခေတ်က ကြံ့ဖွံ့တို့ ဘာတို့နဲ့ တခြားစီပဲ။ နိုင်ငံရေးအတွေးအခေါ် တစုံတရာရှိတယ်။ ပါတီပုံစံပေါက်တယ်။ တိုင်းပြည်ကို စနစ်တကျ အုပ်ချုပ်နေတဲ့အချိန်တွေဖြစ်တယ်။ ဒီလိုအခြေအနေမျိုးမှာ– ကျောင်းသားလှုပ်ရှားမှုတွေ ပေါ်လာဖို့ဆိုတာ အတော့ကို ခက်တယ်။ အဲဒီလိုခက်ခဲတဲ့အကြားက– အံ့လိုက်ကျင်းလိုက်ကြီးပေါ်လာအောင် ဦးဆောင်နိုင်ခဲ့တဲ့အပေါ်မှာ– ဆလိုင်းတင်မောင်ဦးအပေါ်မှာ မဆလက အကြီးအကျယ် ထိတ်လန့်ကြောက်ရွံ့သွားတယ်လို့ သုံးသပ်လို့ရတယ်"*

*"မင်းတို့စစ်ဖိနပ်အောက်မှာ ငါ့ဘယ်တော့မှ ဒူးမထောက်ဘူးကွ" လို့ အတိအကျ ရဲရဲတင်းတင်း အော်ပြီး ကြိုးစင်ပေါ်တက်သွားတာ သူတယောက်ပဲရှိတယ်*

**ဦးအောင်ထူး** ပြောသော ......... ဆလိုင်းတင်မောင်ဦး၏ ဘဝ ပုံရိပ်



*(ဦးအောင်ထူးသည် ဆလိုင်းတင်မောင်ဦးနှင့် တရပ်ကွက်တည်းတွင် အတူနေခဲ့ကြသော ငယ်သူငယ်ချင်း ဖြစ်သည်။ ရန်ကုန် တက္ကသိုလ်မှ **B.A (Geo)** နှင့် **R.L** ဥပဒေဆိုင်ရာဘွဲ့တို့ကိုရရှိခဲ့ပြီး၊ ဆလိုင်းတင်မောင်ဦးနှင့် အတူ ၁၉၆၉ ကျွန်းဆွယ် အရေးအခင်း၊ ၁၉၇၀ ရန်ကုန်တက္ကသိုလ် နှစ် (၅၀) ပြည့် ရွှေရတုသဘင်အရေး အခင်းနှင့် ၁၉၇၄ အလုပ်သမားလှုပ်ရှားမှုများတွင် အတူတကွပါဝင်လှုပ်ရှားခဲ့သူဖြစ်သည်။ ဦးအောင်ထူးသည် လက်ရှိတွင် ပြည်ပအခြေစိုက် မြန်မာနိုင်ငံ ရေနေများကောင်စီ၌ အထွေထွေအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်လှုပ်ရှားလျက်ရှိသည်။)*

<u>*ဦးအောင်ထူးပြောသော ဆလိုင်းတင်မောင်ဦး၏ သွင်ပြင်လက္ခဏာ*</u>

ပထမဆုံးကျနော်ပြောချင်တာက ဆလိုင်းတင်မောင်ဦးနဲ့ ကျနော်နဲ့က တရပ်ကွက်တည်းသားတွေဖြစ်တယ်။ အသက် ငယ်ငယ် ကတည်းက ရင်းနှီးတဲ့ ငယ်သူငယ်ချင်းပေါ့ဗျာ။

ဆလိုင်းတင်မောင်ဦးက ထူးခြားတယ်လို့ ကျနော်မြင်တယ်။ ဘာကြောင့်ထူးခြားလဲဆိုတော့ သူ့မှာဆွဲဆောင်မှုရှိတယ်။ သူငယ်ချင်းတွေအကြားမှာလည်း သူပြောလိုက်လို့ရှိရင် များသောအားဖြင့် လက်ခံကြတာများတယ်။ သူက ကိုယ်ကျင့် တရားအင်မတန် ကောင်းတယ်။ စကားတခွန်းပြောရင် ပြောတဲ့အတိုင်းလုပ်တယ်။ လိမ်ခြင်း၊ ကောက်ခြင်း လုံးဝမရှိဘူး။ နောက်တခုက ရှုတ်ရှုတ် ထွေးထွေးမရှိဘူး။ ဥပမာ မိန်းမရှုတ်တာတို့ ဘာတို့ပေါ့ဗျာ။ သူဆိုရင် ငယ်ငယ်ကတည်းက ကျနော် တို့ သူငယ်ချင်းအုပ်စုထဲမှာဆိုရင် ရုပ် အဖြောင့်ဆုံးလို့ ပြောလို့ရတယ်။ ဆံပင်ကလည်းရှည်ရှည်နဲ့ အမေရိကန်ရုပ်ရှင် မင်းသား တယောက်ပုံစံလိုမျိုးကိုရှိတယ်။ မိန်ကလေးတွေက သူ့တွေ့ရင် လိုက်ကို ကြည့်ကြရတာ။ ဒါပေမယ့် သူက ဘယ် မိန်းခလေးကိုမှ စိတ်မဝင်စားဘူး။ ကျနော်တို့ သူငယ်ချင်းအုပ်စု ဆိုလို့ ရှိရင်– ရန်ကုန်တက္ကသိုလ်ထဲမှာ အမြဲတမ်း အနည်း ဆုံး (၁၀) ယောက်၊ (၁၅) ယောက်ကနေ လျော့တယ်မရှိဘူး။ တက္ကသိုလ်တခွင် လျှောက်လှည့်ပတ်ပြီး ပျော်ပျော်ပါးပါး နေခဲ့ ကြတယ်။ မိန်းခလေးတွေကို စိတ်ဝင်စားတဲ့သူငယ်ချင်းတွေဆိုရင် ဆလိုင်းတင်မောင်ဦးက ဦးဆောင်ပြီးတော့ ဗရုတ်ကျပြစ် လိုက်တာ။

နောက်တခုသူ့ရဲ့ ထူးခြားချက်က– သတ္တိအတော့်ကို ရှိတယ်။ ကျနော်တို့ခေတ်က လမ်းသူရဲခေတ်ပေါ့ဗျာ။ စိန် ဂေါ်လီဂိုဏ်းတို့ ဘာတို့ပေါ့ဗျာ။ လူငယ်လည်းဖြစ်၊ ကျောင်းသားလည်းဖြစ်တော့ မကြာမကြာ ချိန်းရိုက်လေ့ရှိတယ်။ အဲဒီလို ချိန်းရိုက်ပြီဆိုရင် သူက ကျနော်တို့ရဲ့ ခေါင်းဆောင်။ လက်ကလည်း အင်မတန်သွက်သလို၊ ကိုယ်ခံပညာကိုလည်း ကောင်း ကောင်းတတ်တယ်။ ကျနော်တို့လည်းသင်တော့သင်ထားပေမယ့် သူ့ကိုတော့မမှီဘူးလို့ကျနော်ထင်တယ်။ သူက ဇတ်လိုက် မင်းသားတယောက်လိုကို သွက်လက် ဖျတ်လက်တယ်။ သတ္တိရှိတယ်။ ဖြတ်ထိုးဉာဏ်ကောင်းတယ်။ စည်းရုံးရေး ကောင်း တယ်။ သူများခင်အောင် လုပ်တတ်တယ်။ ဟာသ အရမ်းပြောတတ်တယ်။ သူအနားမှာရှိရင် တဝါးဝါးနဲ့ ပွဲကျနေတာ များ တယ်။ ဒီအရည်အချင်းတွေကလည်းပဲ ကျောင်းသားခေါင်းဆောင် တယောက်ဖြစ်အောင် တွန်းပို့ပေးတယ်လို့ ကျနော်ထင် တယ်။

သူ့ရဲ့ မူလရည်ရွယ်ချက်က နိုင်ငံရေးသမား ကျောင်းသားခေါင်းဆောင် လုပ်ဖို့ မဟုတ်ပါဘူး။ သူ့ရဲ့ မူလရည်ရွယ် ချက်က ခရစ်ယာန်ဘုန်းကြီး ဖြစ်ချင်တာဗျ။ ဒါပေမယ့်လည်း မဆလစစ်အစိုးရရဲ့ အောက်က ပြည်သူလူထုရဲ့ ဘဝအခြေ အနေကိုကြည့်ပြီး တခုခုကို လုပ်မှဖြစ်တော့မယ်ဆိုပြီး ကျောင်းသားလှုပ်ရှားမှုတွေမှာ ပါဝင်လာတာဖြစ်တယ်။ တိုတောင်းတဲ့ သူ့ရဲ့ဘဝအသက်တာမှာ လူ့အဖွဲ့အစည်းအတွက်ပဲ လုပ်သွားတယ်လို့ ကျနော်တို့ ပြောလို့ရတယ်။

<u>*၁၉၇၄ အလုပ်သမားအရေးအခင်းနှင့် သူငယ်ချင်းတစု*</u>

ဆလိုင်းတင်မောင်ဦးအပါအဝင် ကျနော်တို့သူငယ်ချင်းတစုဟာ လက်ရှိဖြစ်နေတဲ့ ခေတ်စနစ်ကြီးကို ကျနော်တို့ ဉာဏ်မှီ သလောက် သုံးသပ်ရင်း မဆလတပါတီအာဏာရှင်စနစ်ရဲ့ အောက်မှာ ဖြစ်နေတဲ့ လူထုရဲ့ဘဝကို ကြည့်ရင်းနဲ့ တခုခုတော့ ဒီစနစ်ကို ပြောင်းဖို့ လိုအပ်တယ်ဆိုပြီး အဲဒီကနေ နိုင်ငံရေးအတွေးအခေါ်ပိုင်းတွေကို ကျနော်တို့စတင်လေ့လာတယ်။

www.chinworld.info

စုပေါင်းအမြင်ဖလှယ်တာတွေလုပ်တယ်။ သူငယ်ချင်းတွေကြားထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ကျနော်တို့ ဆွေးနွေးကြတယ်။ ဒီလိုနဲ့ ၁၉၆၉ ကျွန်းဆွယ်အရေးအခင်း၊ ၁၉၇၀ ရန်ကုန်တက္ကသိုလ် နှစ် (၅၀) ပြည့် ရွှေရတုသဘင်အရေးအခင်းတွေမှာ လေ့လာရင်း၊ အားပေးရင်းနဲ့ တောက်လျှောက်ပါဝင်ခဲ့ ကြပါတယ်။

ဆလိုင်းတင်မောင်ဦးရယ်၊ အခြားသူငယ်ချင်းတွေနဲ့ ကျနော်တို့ ပါဝင်ပတ်သက်ခဲ့တဲ့ ထင်ထင်ရှားရှား ဖြစ်ရပ်ကတော့ ၁၉၇၄ အလုပ်သမားအရေးအခင်းပါ။ အဲဒီအရေးအခင်းကတော့ မန္တလေးမြစ်ငယ်မီးရထားစက်ရုံကစလိုက်တဲ့ လှုပ်ရှားမှုက ရန်ကုန်ကို ရောက်လာတယ်။ ဆင်မလိုက်သင်္ဘောကျင်းကိုရောက်လာတယ်။ နောက် လှိုင်မြို့နယ်မှာရှိတဲ့ စက်ရုံ အလုပ်ရုံတွေကို ပျံ့သွားတယ်။ အဲဒီလိုနဲ့ အလုပ်သမားလှုပ်ရှားမှုက တဖြည်းဖြည်းနဲ့ ကြီးလာတယ်။ အဲဒီအခါမှာ– ကျနော်တို့လည်း နီးစပ်တဲ့ ကျောင်းသားသူငယ်ချင်းတွေကို ဆွဲစုပြီး အလုပ်သမားတွေနဲ့ ပေါင်းစည်းဖို့ ကြိုးစားခဲ့ကြတယ်။ ပေါင်းစည်းနိုင်ခဲ့ကြတယ်။ ရက်ဆက်ဆိုသလိုပဲ နီးစပ်ရာ သူငယ်ချင်းတွေနဲ့အတူ ဆန္ဒပြခဲ့ကြတယ်။ အထူးသဖြင့် သမိုင်းချည်မျှင်နဲ့ အထည်စက်ရုံရှေ့မှာ ကျနော်တို့ ပါဝင်လှုပ်ရှားခဲ့တယ်။ ရန်ကုန်ကနေ အင်းစိန်သွားတဲ့လမ်းတလျှောက်မှာသောင်းဂဏာန်းနဲ့ချီတဲ့ ဆန္ဒပြမှုတွေထဲမှာ ကျနော်တို့ပါဝင်ခဲ့တယ်။ အဲဒီတုန်းက အလုပ်သမားတွေကော၊ ကျောင်းသားတွေကော ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြတာဖြစ်တယ်။ အလုပ်သမားတွေအဓိကတောင်းဆိုတာကတော့ ဆန်ရိက္ခာကို တလကို (၆) ပြည်ပေးတာကို (၈) ပြည်ပေးဖို့၊ အလုပ်သမားအခွင့်အရေးတွေကို ပေးဖို့၊ အလုပ်သမားသမဂ္ဂတွေ ဖွဲ့စည်းခွင့်ပေးဖို့ ဆိုတာတွေဖြစ်တယ်။ အလုပ်သမားတွေမှာ အခုလို ဆန္ဒပြခွင့်ရှိတယ်၊ ဘာကြောင့်ရှိသလဲဆိုတော့– ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ– ဆိုရှယ်လစ်စီးပွားရေး စနစ်ကို မဆန့်ကျင်ဘူးဆိုရင် လွတ်လပ်စွာ စည်းရုံးခွင့်၊ စုဝေးခွင့်၊ ဆန္ဒပြခွင့်ရှိတယ်ဆိုတာလည်း ပါတယ်။ ဒီအချက်ကိုကိုင်ပြီးတော့– အလုပ်သမားတွေကော၊ ကျောင်းသားတွေကော ဝိုင်းဝန်းပါဝင်အားဖြည့်ပြီး ဆန္ဒပြခဲ့ကြတာဖြစ်တယ်။

နောက်ဆုံးပြဿနာဖြစ်ခဲ့တာကတော့ ဇွန်လ (၆) ရက်နေ့မှာပါ။ ဇွန်လ (၆) ရက်နေ့မှာ ပစ်ခတ်ချေမှုန်းတာခံခဲ့ရတယ်။ ပစ်တော့ ကျနော်တို့အထဲက ကျနော်နဲ့ကိုအောင်ကြည် *(နောက်ဆုံးနှစ်ပညာရေးတက္ကသိုလ်ကျောင်းသား)* ကတော့ ပါသွားတယ်။ ဆလိုင်း တင်မောင်ဦးကတော့ လွတ်သွားတယ်။ ဆလိုင်းတင်မောင်ဦးက စစ်တပ်ရောက်လာတဲ့အချိန်မှာ– လူအုပ်ရဲ့ ထိပ်မှာ ရှိတယ်။ စစ်တပ် ပစ်တဲ့အချိန်မှာ ကျနော် နောက်ပြန်လှည့်ပြေးပြီး မြေကြီးပေါ် မှောက်နေတယ်။ စစ်တပ်က လူတွေအကုန်လုံးလဲကျပြီး မှောက်နေတာကို မြေကြီးပေါ်ကို လိုက်ပစ်တဲ့အခါကျတော့ ကျည်ဆံက ကျနော့်ခြေထောက်ထဲကို ဝင်သွားတယ်။ ကျနော့်ကိုတော့ တခြား အလောင်းတွေ၊ လူနာတွေနဲ့ အတူ စစ်ကားပေါ်ပစ်တင်ပြီး စစ်ဆေးရုံကို ခေါ်သွားတယ်။ ဆေးရုံထဲမှာ ဆေးဝါးကုသမှုပေးတယ်။ အဲဒီအချိန်ကနေစပြီးတော့ ကျနော်ကတော့ ဆလိုင်းတင်မောင်ဦးနဲ့ မတွေ့တော့ဘူး။ အဲဒီအရေးအခင်းမှာ ချည်မျှင်နဲ့ အထည်စက်ရုံနားမှာ မြေကွက်လပ်ကြီးရှိတယ်ဗျ။ အဲဒီကွက်လပ်ကြီးရဲ့ တဝက်ကျော်ကျော်လောက်က အလောင်းတွေ ဖုံးသွားတာပဲ။ အရေအတွက်တော့ ကျနော်မပြောတတ်ဘူး။ စစ်ကားနဲ့ (၄) စီးအပြည့်ထင်တယ်။ လူအပြည့်ပဲ။ အလောင်းတွေကော၊ ဒဏ်ရာရတဲ့လူတွေရောရောပြီး ပစ်တင်တာ။ ဆလိုင်းတင်မောင်ဦးက ပိုပြီးတော့ ဖျက်လက်တယ်လို့ပြောရမယ်။ အဲဒီနေ့က သူက လွယ်အိတ်တလုံးကို လွယ်ထား တယ်ဗျ။ သူသွားလေရာမှာ ဓါးမြောင် တချောင်း အမြဲဆောင်ထားတယ်။ ကျနော်တို့က လူစုကွဲသွားခဲ့တယ်။ ကျနော်တို့ထဲကနေ ကျနော်နဲ့ ကိုအောင်ကြီးကတော့ စစ်ဆေးရုံကိုပါသွားတယ်။ ဟိုရောက်တော့ ဒဏ်ရာရတဲ့ ကျောင်းသားတွေ၊ အလုပ်သမားတွေကို ထပ်တွေ့ရတယ်။ ကျနော်စစ်ဆေးရုံရောက်တယ်၊ ထောင်ထဲရောက်တယ်။ သေတဲ့သူတွေကိုတော့ နောက်ပိုင်းသတင်းကြားတာကတော့ ပင်လယ်ဝမှာ မျှောလိုက်တယ်လို့သိရတယ်။ အဲဒီအထဲမှာ မသေသေးဘဲ မြောနေတဲ့သူတွေလည်း ပါသွားမယ်လို့ ကျနော်ထင်တယ်။ ကျနော်ကတော့ ဒဏ်ရာရပေမယ့် ကောင်းကောင်းသိတယ်လေ။ စစ်ဆေးရုံကတော့ ဆရာဝန်စိတ်ရှိရှိနဲ့ ကောင်းမွန်စွာကြည့်ရှုပေးပါတယ်။ သူတို့ ကျေးဇူးတွေရှိပါတယ်။

ထောင်ထဲရောက်တဲ့ အချိန်ကနေစပြီး သူတောက်လျှောက်ပဲ ကျနော့်အိမ်ကိုသွားပြီး ကျနော့်မိသားစု၊ အထူးသဖြင့် အမေကို သွားသွားအားပေးတယ်။ နောက်ပိုင်းမှာ သူကျောင်းသားလှုပ်ရှားမှုတွေကို ဆက်တိုက်ဦးဆောင်သွားတယ်လို့ သိရတယ်။ အဲဒီအပိုင်း ကိုတော့ ကျနော်မသိဘူး။ ကျနော်က စစ်ဆေးရုံနဲ့ထောင်ထဲမှာပဲ နေခဲ့ပြီး၊ ပြန်ထွက်လာတော့လည်း သူနဲ့ ထပ်မတွေ့ဖြစ်တော့ဘူး။ ထောင်ကထွက်လာတဲ့နောက်မှာ– ခြေထောက်က ကျိုးနေပြီး ရောင်နေတယ်ဗျ။ ချိုင်းထောက်နဲ့ပဲ သွားနေရတယ်။

*<u>ခိုင်မာသော မဆလစစ်ယန္တရားကို စိန်ခေါ်အန်တုသော ဆလိုင်းတင်မောင်ဦး</u>*

အဓိကကတော့ ဆလိုင်းတင်မောင်ဦးဟာ ကျောင်းသားသမိုင်းမှာ ထူးခြားတဲ့သူတယောက်လို့ မြင်တယ်။ ဘာကြောင့်လဲဆိုတော့– ပထမတချက်က– အင်္ဂလိပ်လက်ထဲကနေ အမျိုးသားလွတ်မြောက်ရေးအတွက် လှုပ်ရှားခဲ့တဲ့ကျောင်းသားခေါင်းဆောင်တွေ အများကြီး ရှိတဲ့အနက်က ယနေ့အချိန်အထိ နည်းလမ်းတကျ တရားစီရင်တဲ့စနစ်ကို သုံးပြီး ကြိုးပေးကွပ်မျက်ခဲ့တာမရှိဘူး။ ဆလိုင်းတင်မောင်ဦး တယောက်တည်းကိုသာလျှင် နည်းလမ်းတကျ တရားစီရင်တဲ့နည်းကို သုံးပြီး အစီအစဉ်ရှိရှိနဲ့ ကွပ်မျက်ခဲ့တာဖြစ်တယ်။

အဲဒါက ဘာကိုပြသလဲဆိုရင် ၁၉၆၂ မှာ စစ်အာဏာသိမ်းပြီး၊ ၁၉၇၄–၇၆ ကြားကာလမှာ– တကယ်တော့ မဆလပါတီနဲ့ စစ် အာဏာရှင် စနစ်ဟာ အတော့်ကို အခြေခိုင်တဲ့အခြေအနေလို့ ပြောလို့ရတယ်။ အခုခေတ်က ကြံ့ဖွံ့တို့

ဘာတို့နဲ့ တခြားစီပဲ။ နိုင်ငံရေးအတွေးအခေါ် တစုံတရာရှိတယ်။ ပါတီပုံစံပေါက်တယ်။ တိုင်းပြည်ကို စနစ်တကျ အုပ်ချုပ်နေတဲ့အချိန်တွေဖြစ်တယ်။ ဒီလိုအခြေ အနေမျိုးမှာ– ကျောင်းသားလှုပ်ရှားမှုတွေ ပေါ်လာဖို့ဆိုတာ အတော့်ကို ခက်တယ်။ အဲဒီလိုခက်ခဲတဲ့အကြားက– အုံလိုက်ကျင်းလိုက် ကြီးပေါ်လာအောင် ဦးဆောင်နိုင်ခဲ့တဲ့အပေါ်မှာ– ဆလိုင်းတင်မောင်ဦးအပေါ်မှာ မဆလက အကြီးအကျယ် ထိတ်လန့်ကြောက်ရွံ့သွား တယ်လို့ သုံးသပ်လို့ရတယ်။ ဆိုလိုချင်တာကတော့– အဲဒီတုန်းက အင်မတန်မှ ခိုင်နေတယ်လို့ ယူဆရတဲ့ မဆလယန္တရားကြီးကို ဖိန့်ဖိန့်တုန်သွားအောင် လှုပ်ခါခဲ့တဲ့ တော်လှန်ရေးသမား၊ နိုင်ငံရေးသမားတွေထဲမှာ ဆလိုင်းတင်မောင်ဦးက ထိပ်တန်းကနေပါတဲ့ ပုဂ္ဂိုလ် တယောက်လို့ပြောရင်မမှားဘူး။ ဒါကို အခုအချိန်မှာ ကျနော်တို့က အသေအချာကို အသိအမှတ်ပြုဖို့ လိုတယ်။ ဂုဏ်ပြုဖို့လိုတယ်။ ဖော်ထုတ်ဖို့လိုတယ်။

ဘာကြောင့်လဲဆိုတော့ ဒီနေ့အချိန်မှာ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင်– ကျောင်းသားခေါင်းဆောင်လိုလို ဘာလိုလိုပုဂ္ဂိုလ် တွေက– မရေမရာ၊ မပြတ်မသားတဲ့ လမ်းကြောင်းနဲ့ စစ်အာဏာရှင်နဲ့ပဲ ပုခုံးချင်းဖက်ပြီး တဖြည်းဖြည်းချင်း တိုင်းပြည်ကို ပြောင်းလို့ ရနိုင်သလိုလို ဘာလိုလိုပြောတယ်။ လိုင်းမမှန်တဲ့ဟာတွေနဲ့ သွားဖို့ ကြိုးစားနေတာတွေကို ကျနော်တို့ တွေ့ရတယ်။ အဲဒီလိုတွေ့ရတဲ့ အချိန်မှာ ကိုဆလိုင်းတင်မောင်ဦးရဲ့ ပြတ်သားတဲ့ စိတ်ဓါတ်၊ လမ်းကြောင်းကို တည့်တည့်မတ်မတ်ရွေးတတ်တဲ့ အသိပညာ၊ ဖြောင့် ဖြောင့်သွားခဲ့တဲ့ သူ့ရဲ့အစဉ်အလာကို ယနေ့ကျောင်းသားတွေက ပြန်သတိရသင့်တယ်။ စစ်အာဏာရှင်စနစ်ကို ဘယ်လိုနည်းနဲ့မှလည်ပင်းဖက်ပေါင်းလို့မရဘူးဆိုတာကို ဆလိုင်းတင်မောင်ဦးက ပြသွားတာပါ။ ဘာကြောင့်လဲဆိုတော့ သူ့ကို မဆလဖက်က အများကြီးစည်းရုံးတယ်။ သူသာပါလိုက်ရင် သူ့ကို အကြီးအကျယ် သူလုပ်ချင်တာလုပ်ခွင့်ပေးသွားမယ့်အနေအထားမျိုးရှိတယ်။ လုံးဝလည်း မပါဘူး။ လုံးဝလည်း ဒူးမထောက်ဘူး။ ဒီလိုပြတ်ပြတ်သားသားရပ်တည်သွားတဲ့အစဉ်အလာကို ယနေ့ခေတ် ကျောင်းသားတွေအတုယူ သင့်တယ်။ ဒါကို တန်ဖိုးထားသင့်တယ်။ ဒီလမ်းကြောင်းအတိုင်း လျှောက်လှမ်းသင့်တယ်။

*ရဲဝံ့စွာဖြင့် ကြိုးစင်တက်သွားသူ ဆလိုင်းတင်မောင်ဦး*

ဒုတိယတချက်အနေနဲ့ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းမှာဖြစ်စေ၊ စစ်အာဏာရှင်စနစ်နဲ့ မဆလနဲ့ ယနေ့ခေတ်တွေအထိ ဆန့်ကျင်ကြမှုများမှာ ကြိုးပေးကွပ်မျက်ခံရတာတွေရှိမှာပါ။ ဒီလိုကွပ်မျက်ခံရတဲ့ ပုဂ္ဂိုလ်တွေ၊ ခေါင်းဆောင်တွေကို ကျနော်တို့က တကယ့်ကို လေးစားတန်ဖိုးထားရမှာဖြစ်တယ်။ ကျနော်လေ့လာလို့ရသလောက်တော့– ကြိုးစင်ပေါ်ကို တက်သွားတဲ့အချိန်အထိ နောက်ဆုံးထွက်သက် အချိန်အထိ ခံချသွားတာ၊ နောက်ဆုံးကြိုးစင်ပေါ်ကို တက်သွားတဲ့အချိန်မှာ– "မင်းတို့စစ်ဖိနပ်အောက်မှာ ငါဘယ်တော့မှ ဒူးမထောက် ဘူးကွ" လို့ အတိအကျ ရဲရဲတင်းတင်းအော်ပြီး ကြိုးစင်ပေါ်တက်သွားတာ သူတယောက်ပဲရှိတယ်။ ကျနော်လေ့လာတာ အားနည်းကောင်း အားနည်းမယ်။ သိသလောက်တော့ သူတယောက်ပဲရှိတယ်။ ဒါကြောင့် ဒီလိုစိတ်ဓါတ်မျိုး၊ ဒီလိုသတ္တိမျိုးဒီလို တကယ့်ကို ခွပ်ဒေါင်း၊ တကယ့်ကို ရဲရဲနီတဲ့ ကျောင်းသားသွေးမျိုးကို ယနေ့ခေတ်ကျောင်းသားတွေက လုံးဝကို အတုယူသင့်တယ်။

ဘာကြောင့်လဲဆိုတော့– ဆလိုင်းတင်မောင်ဦးလုပ်ခဲ့တဲ့ ကျောင်းသားလှုပ်ရှားမှုမျိုးဆက်က– ၇၄–၇၆ မျိုးဆက်က သယ်လာခဲ့တဲ့ဟာက ၈၈၈၈ အရေးအခင်းအထိ ပါသွားတယ်။ ခေတ်က ဒီဖက်ကို တောက်လျှောက်ဆက်ပါနေတယ်။ ၇၆ ဆလိုင်းတင်မောင်ဦး ကျဆုံးသွားတဲ့ နောက်ပိုင်းမှာ– ကျောင်းသားတွေပိုပြီး တော်လှန်ရေးနယ်ထဲ ပိုဆင်းလာကြတယ်။ လက်နက်ကိုင်တွေထဲ ပိုဆင်းလာကြတယ်။ တိုင်းရင်းသားတော်လှန်ရေးတပ်တွေနဲ့ ပိုပေါင်းသွားကြတယ်။ ဆလိုင်းတင်မောင်ဦး ကွပ်မျက်ခံလိုက်ရတဲ့အချိန်မှာ– ချက်ချင်း တစုံတရာ တန့်သွားသော်ငြားလည်း ဒီအရှိန်ဟာ တဖြည်းဖြည်းပြန်အားကောင်းလာပြီး တောက်လျှောက်သယ်သွားတယ်လို့ ပြော လို့ရပါတယ်။ ဒီနေ့အချိန်အထိပဲ ဒီလှုပ်ရှားမှုက ဆက်ရှိနေတယ်။ ဒါပေမယ့် အခုလက်ရှိအခြေအနေကို ပြန်ကြည့်လိုက်တဲ့အခါမှာ ကျောင်းသားလှုပ်ရှားမှုက– ပေါ်သင့်သလောက် ပေါ်မလာဘူးလားလို့ စိုးရိမ်မိတယ်။

*ဆလိုင်းတင်မောင်ဦး ကြိုးပေးအသတ်ခံရခြင်း အနှစ် (၃၄) နှစ်မြောက် နေ့နှင့်ပတ်သက်၍–*

အခုအချိန်မှာ– ဆလိုင်းတင်မောင်ဦးအပါအဝင် စွန့်လွှတ်အနစ်နာခံသွားတဲ့ ကျောင်းသားခေါင်းဆောင်တွေရဲ့ အခန်းကဏ္ဍကို ပြန်လည် ဖော်ထုတ်ခြင်းအားဖြင့် စစ်အာဏာရှင်စနစ်ကို ရေဆုံးရေဖျားတိုက်တဲ့ ကျောင်းသားမျိုးဆက်တွေ ပိုပြီး အားကောင်းလာစေချင်တယ်လို့ ကျနော်ပြောချင်ပါတယ်။ အထူးသဖြင့် ဆလိုင်းတင်မောင်ဦးဟာဆိုရင် ဗမာမဟုတ်သော ကျောင်းသားခေါင်းဆောင်ထဲမှာ ထိပ်ဆုံးက ပါတယ်လို့ပြောလို့ရတယ်။ သူ့အခန်းကဏ္ဍကို ပြန်လည်ဖော်ထုတ်ခြင်း အားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုပြီးတော့ ရလာစေလိမ့်မယ်လို့ ကျနော်မျှော်လင့်တယ်။ ဘာကြောင့်လဲဆိုတော့ ဗမာမဟုတ်တဲ့တိုင်းရင်းသားခေါင်းဆောင်ထဲမှာ– တပြည်လုံး အဆင့် ထက်ထက်မြက်မြက် ကျောင်းသားခေါင်းဆောင်က သိပ်များများစားစားမရှိဘူးလို့ ကျနော်ယူဆတယ်။ အဲဒီထဲမှာ ဆလိုင်းတင်မောင်ဦးက ထိပ်ဆုံးက ပါတယ်လို့ ကျနော်ယူဆတယ်။ ဒါကြောင့် ဆလိုင်းတင်မောင်ဦးကို ပြန်လည်ဖော်ထုတ်ဂုဏ်ပြုကြခြင်းဟာ ချင်းအမျိုးသားတခုတည်း အတွက် သာမကပဲပြည်ထောင်စုနိုင်ငံထဲမှာရှိတဲ့တိုင်းရင်းသားလူမျိုးပေါင်းစုံ၊အားလုံးရဲ့တာဝန်ဖြစ်တယ်။ အဲဒီလိုဖော် ထုတ်ဂုဏ်ပြုခြင်းဟာ ကျောင်းသားလှုပ်ရှားမှုသမိုင်းနဲ့ ကျောင်းသားများရဲ့အစဉ်အလာကို ဂုဏ်ပြုယုံသာမကဘဲနဲ့ အနာဂတ်ပြည်ထောင်စုကြီးမှာလိုအပ်တဲ့ တိုင်းရင်းသား ချစ်ကြည်ရေးကိုပါ တကယ်အထောက်အပံ့ ရောက်သွားလိမ့်မယ်လို့ ပြောချင်ပါတယ်။

www.chinworld.info

*“ဆလိုင်းတင်မောင်ဦးဟာဆိုရင်– လှုပ်ရှားမှုများရဲ့ ခေါင်းဆောင်အဖြစ် အသိအမှတ်အပြုခံရပါတယ်။ ဆလိုင်းတင်မောင်ဦးဟာ ကျနော်တို့ရဲ့ စစ်မှန်တဲ့ခေါင်းဆောင်ဖြစ်တယ်။ သူဟာ ချင်းတိုင်းရင်းသားတခုအတွက်တည်းသာလျှင်မဟုတ်ပဲ– ဗမာတနိုင်ငံလုံးရဲ့ ကျောင်းသားများကို ကိုယ်စားပြုခဲ့သူဖြစ်တယ်။ ကျနော်တို့အားလုံးက သူ့ကို ကျနော်တို့ရဲ့ ခေါင်းဆောင်အဖြစ် လေးစားပါတယ်”*

ဆလိုင်းတင်မောင်ဦးနှင့် ခေတ်ပြိုင် ကျောင်းသားခေါင်းဆောင် ………… **U Htun Aung Gyaw**



*(ဦးထွန်းအောင်ကျော်သည် ရန်ကုန်တက္ကသိုလ်မှ B.Sc (Geology)၊ Diploma in Apply Geology (DAG) နှင့် IFL (Institute of Foreign Language) မှ ဂျပန်ဘာသာဖြင့် ကျောင်းပြီးခဲ့သူဖြစ်သည်။ ၁၉၇၄ ခုနှစ် ဦးသန့်အရေးအခင်းနှင့် ၁၉၇၅ကျောင်းသား၊အလုပ်သမားအရေးအခင်းများတွင် ဆလိုင်းတင်မောင်ဦး နှင့်အတူ တက်ကြွစွာလှုပ်ရှားဦးဆောင်ခဲ့သူတဦးဖြစ်သဖြင့် မဆလအစိုးရမှ– ထောင်တသက်တကျွန်း အပြစ်ပေးခဲ့သူဖြစ်သည်။ ၁၉၈၈ လူထုအရေးတော်ပုံကြီးမှ မွေးထုတ် ပေးလိုက်သော မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) တွင် ဥက္ကဌအဖြစ် ပထမဆုံး တာဝန်ယူဦးဆောင်ခဲ့သူတဦးဖြစ်သည်။ ယခုအခါ တွင် အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ကာ– Civil Society for Burma (CSB) အဖွဲ့၏ ဥက္ကဌအဖြစ်နှင့် International Foundation for Burma National Congress (IFBNC) ၏ Board of Directors တဦးအဖြစ် ဦးဆောင်နေသူတဦးဖြစ်သည်။)*

<u>*ဆလိုင်းတင်မောင်ဦးနှင့် စတင်တွေ့ရှိခဲ့ပုံ*</u>

ဦးသန့်ရဲ့ ရုပ်ကလပ်ကို ကျိုက္ကဆံကွင်းထဲမှာထားတယ်။ ကျနော်နဲ့ ကျနော့်သူငယ်ချင်းတွေက လွမ်းသူပန်းခွေသွားချ ကြတယ်။ အဲဒီက အပြန် ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာ– ဆလိုင်းတင်မောင်ဦးနဲ့ ကျနော်စတွေ့ခဲ့တယ်။ အဲဒီနေ့ကတော့ ၁၉၇၄ ဒီဇင်ဘာလ (၄) ရက်နေ့ဖြစ်တယ်။ ဆလိုင်းတင်မောင်ဦးနဲ့ ကျနော့်ကို မိတ်ဆက်ပေးတာကတော့ ကျနော့်သူငယ်ချင်း ဖိုးထောင်ဆိုတဲ့သူဖြစ်တယ်။ စတွေ့တဲ့အခါမှာ– သူဟာ ရုပ်ခန္ဓာအရရော၊ စိတ်ဓါတ်ရေးရာအရပါ ခိုင်မာအားကောင်းသူ တဦး ဖြစ်တယ်လို့ ခံစားခဲ့ရတယ်။ အဲဒီမှာပဲ တွဲလုပ်ကြဖို့နဲ့ ဦးသန့်ကိစ္စနဲ့ ပတ်သက်လို့ ဒီအတိုင်းထားလို့ မရဘူးလို့ ကျနော်တို့ တိုင်ပင်ဆွေးနွေးကြတယ်။

<u>*ဦးသန့်အရေးအခင်းနှင့် ဆလိုင်းတင်မောင်ဦး၏ အခန်းကဏ္ဍ*</u>

နောက်တရက် ဒီဇင်ဘာ (၅) ရက်နေ့မနက် တက္ကသိုလ်ဝင်းထဲက သစ်ပုတ်ပင်နားမှာ ဆလိုင်းတင်မောင်ဦးနဲ့ ထပ်တွေ့တယ်။ ကျောင်း ဝင်းထဲမှာ– ကျောင်းသားတွေက ပြည့်နှက်နေပြီး ဦးသန့်ဈာပနကို သွားပို့ဖို့ ပြင်ဆင်နေကြတာ ဖြစ်တယ်။ ဆလိုင်းတင်မောင်ဦးနဲ့တော့ ကျိုက္ကဆံကွင်းထဲမှာ တွေ့မယ်လို့ ပြောပြီး ကိုယ့်အဖွဲ့နဲ့ကိုယ် သွားခဲ့ကြတယ်။

ဟိုရောက် တော့ ပြန်တွေ့တယ်။ အဲဒီမှာ– ဆလိုင်း တင်မောင်ဦးက ဒီကိစ္စကို သူစပြီးတော့ ပြောမယ်ဆိုပြီး ကျနော်တို့ကို ပြောတယ်။ ကျိုက္ကဆံကွင်းရဲ့ ကွင်းလယ်မှာတော့ ဦးသန့်ရဲ့ အခေါင်းကို ထားထားတယ်။ ကြက်ခြေနီနဲ့ လမ်းစဉ်လူငယ်တွေက စောင့်ရှောက်နေတယ်။ ပြီးတော့ လမ်းစဉ်လူငယ်အဖွဲ့က ကား (၂) စီးလည်းရှိတယ်။ တစီးက ဒေါ့ဂျစ်နဲ့ နောက်တစီးက မိုက်ခရို ဘတ်စ်ပေါ့လေ။ အဲဒီမှာ သူတို့က မိုက်ခရိုဖုန်းနဲ့ လော်စပီကာနဲ့ ဘာပြောနေကြလဲ ဆိုတော့ ကျောင်းသားတွေအနေနဲ့ ဦးသန့်ဈာပနကို အေးအေးချမ်းချမ်းသွားပို့ကြဖို့နဲ့ ဆော်သြနေကြတယ်။ သူတို့က အစိုးရ အလိုတော်ရိ ကျောင်းသားတွေ ပေါ့ဗျာ။ အဲဒီအချိန်မှာပဲ ဆလိုင်းတင်မောင်ဦးက ထပြီးစကားထပြောတယ်။ သူထပြီး စကားပြောတာနဲ့ ကျနော်တို့တတွေက သူ့ကို စက်ဝိုင်းပုံသဏ္ဍာန်မျိုး ဝိုင်းထိုင်လိုက်ကြတယ်။ ကျနော်တို့ လူ (၅၀) လောက်ရှိမယ်။ အဲဒီမှာ ဆလိုင်းတင်မောင်ဦးက စာရွက်ကလေးကို လက်ထဲမှာကိုင်ပြီး သူပြောတယ်။ ဥူဘာပြောခဲ့သလဲ ဆိုတော့– *“ဦးသန့်ဟာ ဗမာ တနိုင်ငံလုံးရဲ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ဖြစ်တယ်။ ဦးသန့်ကြောင့် ဗမာနိုင်ငံကို ကမ္ဘာကသိလာတယ်။ ဒီလိုလေးစားထိုက်တဲ့ ဦးသန့်ရဲ့ ဈာပနအခမ်းအနားမှာ အစိုးရအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်တွေ ဘယ်သူမှလာပြီး အရိုအသေပေးတာ မတွေ့တဲ့ အပြင်– မျက်နှာလွှဲခဲပစ်လုပ်ထားတယ်။ ဦးသန့်လို ဂုဏ်သရေရှိလူကြီးလူကောင်းတယောက်ကို ဦးနေဝင်းရဲ့ မိန်းမ ဖာသည်မသာသာ ခင်မေသန်းမြှုပ်သလို ကြံတောသင်္ချိုင်းမှာ မြှုပ်တာကို လက်မခံနိုင်ဘူး”* ဆိုပြီး သူပြောတယ်။ အားလုံးကလည်း *“ဟုတ်တယ်၊ ဟုတ်တယ်”* ဆိုပြီး လက်ခုပ်တွေ ဝိုင်း တီးကြတာပေါ့ဗျာ။

လက်ခုပ်တီးသံတွေနဲ့ တဝုန်းဝုန်းဖြစ် သွားတော့ လူတွေက အဲဒီဖက်ကို ပိုပို ဝိုင်းအုံလာကြတယ်။ အနောက်ဖက် ပွဲကြည့်စင်က ဘုန်းကြီးတွေရောပေါ့။ အဲဒီဖက် မှာဆိုရင် သံဃာတော်တွေ အပြည့်ပဲ။ ဝါထိန်နေတာပဲ။ ဘုန်းကြီးတွေက လည်း ဘယ်သူ တွေလုပ်မလဲဆိုတာကို စောင့် ကြည့်နေတာပေါ့ဗျာ။ ဘယ်သူကစပြီး ဖောက်ခွဲမလဲဆိုတာကို စောင့်ကြည့်နေကြတဲ့သူတွေချည်းပါပဲ။ ဆလိုင်းတင်မောင်ဦး စပြောလိုက်တဲ့ အချိန်မှာ– လူတွေ ရုတ်ရုတ်ဖြစ်သွားတဲ့အခါမှာ– လမ်းစဉ်လူငယ်က ကောင်တွေက– လော်စပီကာ နဲ့ စည်းကမ်းတကျနဲ့ ထိန်းသိမ်းသွားကြရအောင်၊ တရားမဝင်လုပ်ရပ်တွေ၊ အကြမ်းဖက်မှုတွေ မလုပ်ပါနဲ့ ဆိုပြီး သူတို့က ပြော တယ်။ အဲဒီလိုပြောနေတဲ့အချိန်မှာ– ဆလိုင်းတင်မောင်ဦးက အဲဒီကားကို လက်ညှိုးထိုးပြီးတော့– *“အဲဒီကားကို ဝိုင်းသိမ်း ကြ”* ဆိုပြီး အမိန့် ပေးလိုက်တာနဲ့ ရှိတဲ့လူအုပ်ကြီးက အဲဒီကားဆီကို

www.chinworld.info

တဟုန်ထိုးပြေးသွားကြတော့ ကားပေါ်က လူတွေ ခုန်ဆင်းပြီးထွက်ပြေးကြတယ်။ အဲဒီကားကို ကျနော်တို့ရပြီး ဆလိုင်းတင်မောင်ဦးက မိုက်ခွက်ကိုကိုင်ပြီး တရားဆက်ဟော တယ်။ ပြီးတော့– RIT က ဝင်းသိန်း ထင်တယ်။ နာမည်သေချာမမှတ်မိတော့ဘူး။ သူလည်းပြောတယ်။ ပြီးတော့ သံဃာ တော်တွေကလည်းပြောတယ်။ပြီးတော့"ဦးသန့်ရုပ်ကလွှပ်ကို တက္ကသိုလ်ဝင်းထဲကိုယူသွားမယ်"ဆိုပြီး ဆလိုင်းတင်မောင်ဦး က ကြေငြာလိုက်တော့ တညီတညွတ်တည်းနဲ့ပဲ အခေါင်းကြီးကို သယ်သွားကြတယ်။

လူတန်းကြီးကတော့ တက္ကသိုလ်ရိပ်သာလမ်းတလျှောက် ပြည့်နေတာပဲ။ ညနေ (၆) နာရီဝန်းကျင် လောက် မှာ– တက္ကသိုလ်ဝင်းထဲကို ပြန်ရောက်ပြီး– အဲဒီ မှာ လမ်းစဉ်လူငယ်ကကောင်ပဲ စန်းအောင်ကြည်လို့ ခေါ်တယ်။ သူက ဟိုက်စကူးမှာတုန်းက ကျနော့်ထက် (၂) တန်း လောက်ငယ်တယ်။ သူကစိတ်ဓါတ်တွေ တက်ကြွပြီး အစိုးရဖက်က မဟုတ်တော့ဘူး။ ငါတို့ကျောင်းသားတွေက ဘယ်လိုလုပ်ရမယ်၊ စသည်ဖြင့်မိန့်ခွန်းတက်ဟောနေတယ်။ အဲဒီအောက်နား မှာ– ဆလိုင်းတင်မောင်ဦးက မတ်တပ်ရပ်နေတယ်။ အဲဒါနဲ့ ကျနော်တို့က သူ့ကို မိန့်ခွန်း တက်ပြောဖို့ တိုက်တွန်းကြတယ်။ ဒါနဲ့ ဆလိုင်းတင်မောင်ဦး ကားပေါ်တက်သွားတယ်။ ဆလိုင်းတင်မောင်ဦးကို မြင်တာနဲ့ သူတို့ကြောက်လန့်ပြီး မိုက်ခွက် ပေးပြီး ဆင်းပြေးသွားတယ်။ အဲဒီညမှာ– **Convocation Hall** ထဲမှာ ဦးသန့် ဈာပနကော်မတီ ဆိုပြီးဖွဲ့တယ်။ ဖွဲ့တော့– ဥက္ကဌက စိုးတင့်၊ ဒုဥက္ကဌက စိုးညွန့်၊ အတွင်းရေးမှူးက– ဆလိုင်းတင်မောင်ဦး၊ ကျနော်က ပြန်ကြားရေးမှာလုပ်တယ်။ စိုးတင့်က ဥက္ကဌဖြစ်ပြီး နာရီပိုင်းအတွင်း မှာပဲ လမ်းစဉ်လူငယ်က ဖြစ်တယ်ဆိုပြီး– **RIT** သက်နိုင် က ပြောတာနဲ့ သူ့ကို အယုံအကြည်မရှိဆိုပြီး ဥက္ကဌနေရာကနေ ဖြုတ်လိုက်တယ်။ **Convocation hall** ရှေ့မှာ ဇတ်စင်တွေဘာတွေ ဆောက်ကြတယ်။ အဲဒါဆောက်တဲ့အပိုင်းကိုတော့ ကျနော်ဦးဆောင်ပြီးလုပ်ခဲ့တယ်။ နောက် တယောက်ပြီးတယောက် တရားတက်ဟောကြတယ်။ ဟောတော့ဟောချင် တယ်။ ဘာစပြောရမယ်မှန်းမသိတဲ့ ချာတိတ်တွေကို ကျနော်က မိန့်ခွန်းတွေရေးပေးပြီး တက်ပြောကြတာလည်း ရှိတယ်။

နောက် အဲလိုနဲ့– အစိုးရက ဝင်သိမ်းတော့မယ်ဆိုတော့– ဆလိုင်းတင်မောင်ဦးက ကျနော့်ကို ရှောင်မှဖြစ်မယ်ဆိုပြီး ပြောတယ်။ ကျနော်က မရှောင်ဘူး။ ငါတို့ရဲဘော်တွေနဲ့အတူအဖမ်းခံမယ်။ ရှောင်မယ်ဆိုရင် ငါတို့ သစ္စာဖောက်ရာကျမယ်ဆိုပြီး ပြောတယ်။ အဲဒီမှာ သူက ကျနော့်ကို ဘာပြောသလဲဆိုတော့– *"မဟုတ်ဘူး သူငယ်ချင်း၊ မင်းသတ္တိရှိတယ်၊ မင်းကိုငါလေးစားတယ်၊ ငါတို့ရှောင်ထွက်သွားတာက ငါတို့ ကြောက်လို့မဟုတ်ဘူး၊ နောက်တနေ့ပြန်လည် တိုက်ပွဲဝင်ဖို့ဖြစ်တယ်၊ အင်္ဂလိပ်လိုဆိုရင်တော့– "He who fights and runs will fight another day" ပေါ့ကွာ။တကယ်လို့ ငါတို့ အဖမ်းခံရမယ်ဆိုရင်– ငါတို့က သေလူလိုဖြစ်သွားပြီ၊ ရှင်လျက်နဲ့ သေတဲ့လူ ဖြစ်သွားပြီ၊ ကိုယ့်ကိုယ်နဲ့ သူ့စိတ်ဖြစ်သွားပြီ၊ ကိုယ့်စိတ်အတိုင်း ကိုယ်လုပ်လို့မရတော့ဘူး၊ ထောင်ထဲမှာ ဘဝသေတာပဲ၊ ငါ ထောင်တခါကျပြီးပြီ၊ ထောင်ထဲမှာ– ဘဝသေတဲ့အလုပ်မျိုးကို မလုပ်တော့ဘူး၊ အခုငါတို့ အဖမ်းမခံရဘူး ဆိုရင်– အဖမ်းခံရတဲ့သူတွေရဲ့ လွတ်မြောက်ရေးကို ငါတို့ လုပ်လို့ရတယ်"* ဆိုပြီး ကျနော့်ကို သူပြောတယ်။ သူပြောတာ အဓိပ္ပါယ်ရှိတာနဲ့ ကျနော်လည်း လက်ခံတယ်။ ဒါနဲ့ ကျနော်တို့ (၂) ယောက် သဘက်ကြီးတွေကိုခေါင်းပေါင်းပြီး ကျနော်တို့တွေ ရှောင်ထွက်လာကြတယ်။ အဲဒါနဲ့ ဆလိုင်းတင်မောင်ဦးရဲ့ မိဘအိမ်ကို ကျနော်တို့သွားတယ်။ အဲဒီမှာ– ခနနေ၊ ရေမိုးချိုးပြီး ကျနော်တို့ လူခွဲပြီး ပြန်လာခဲ့ကြတယ်။

<u>လက်နက်ကိုင်တော်လှန်ရေးအတွက် ကျောင်းသားကိုယ်စားလှယ် ဆလိုင်းတင်မောင်ဦး</u>

ဦးသန့်အရေးအခင်းအပြီးမှာ– လက်နက်ကိုင်တော်လှန်ရေးလုပ်မှရမယ်ဆိုပြီး ကျနော်တို့ ဆုံးဖြတ်တယ်ဗျာ။ အဲဒါကြောင့် ကျောင်းသားများကိုယ်စား နယ်စပ်ကို ဆလိုင်းတင်မောင်ဦးသွားပြီးတော့ ဦးသွင် (ပြည်ချစ်ပါတီ) တို့နဲ့ သွားဆွေးနွေးတယ်။ ဆလိုင်းတင်မောင်ဦးက ပထမသွားဆွေးနွေးတယ်။ သူတယောက်တည်းလာဆွေးနွေးတာ မလုံလောက်ဘူး။ တခြားကျောင်းသားခေါင်းဆောင်တွေလည်းလွှတ်ပေးပါဆိုတော့ကျနော်နဲ့ရဲမြင့်ကဒုတိယအသုတ်ထပ်ပြီးသွားဆွေးနွေးတယ်။ ကျောင်းသားတွေကို လက်နက်တွေပေးနိုင်မလား။ ကျောင်းသားတွေအနေနဲ့ လက်နက်ကိုင်တိုက်ပွဲကို ရန်ကုန်ကနေ စတင်ဆင်နွှဲမယ်ပေါ့ဗျာ။ ဦးသွင်တို့ကလည်း သေနတ်က (၁) လက် လောက်ပဲ ပေးနိုင်မယ့် ပုံစံမျိုးဖြစ်တယ်။ ကျနော်တို့လိုချင်တာက အလက် (၃၀၀) ဖြစ်တယ်။ သူစသွားတုန်းက ဆလိုင်းတင်မောင်ဦးက ကျောင်းသားခေါင်းဆောင်ဖြစ်ကြောင်း မယုံကြည်ဘူးပေါ့ဗျာ၊ နောက် ဇွန်လအရေးအခင်းဖြစ်အပြီး သတင်းစာတွေမှာ ဆလိုင်းတင်မောင်ဦး နာမည်တွေပါလာတော့ ဦးသွင်တို့ကအရမ်းအားရသွားတယ်။တကယ်ကိုပဲ ဆလိုင်းတင်မောင်ဦးဟာ ဦးဆောင်နိုင်တယ် ဆိုပြီး သူတို့အသိအမှတ်ပြုသွားကြတယ်။ ဒါပေမယ့် နောက်တခေါက်ပြည်တွင်းထဲကို ပြန်အဝင်မှာ– သူ အဖမ်းခံလိုက်ရတယ်။

*<u>၁၉၇၅ ဇွန်လ အရေးအခင်းနှင့် ဆလိုင်းတင်မောင်ဦး</u>*

နောက်တခါ– ဇွန်အရေးအခင်းမှာကြတော့– သူနဲ့ တခါဆက်လုပ်တယ်။ ဇွန်အရေးအခင်းက သူမလုပ်ရင် မဖြစ်ဘူး။ ကျောင်းသားတွေ နဲ့ ညှိနှိုင်းဆွေးနွေးမယ်ဆိုပြီး ပညာရေးဝန်ကြီး ဒေါက်တာလှဟန်နဲ့အဖွဲ့က တက္ကသိုလ်ကျောင်းတွေမှာ သွားဆွေးနွေးတယ်။ ပထမဆုံး ဆေးတက္ကသိုလ်ကို သွားဆွေးနွေးတော့ သူတို့အောင်မြင်တယ်ပေါ့ဗျာ၊ အဲဒီမှာက– အဆောင်တွေ ညစ်ပတ်တာတွေ၊ အိမ်သာတွေ ညစ်ပတ်တာတွေ၊ အဆောင်ရေယိုတာတွေ၊ နံရံတွေ ဆေး မသုတ်တာတွေ အဲဒါတွေပြောကြတယ်။ သူတို့က အားလုံးလုပ်ပေးပါ့မယ် ဆိုပြီးတော့– ပြောပြီး ပျော်ပြီး ပြန်လာကြတယ်။ ကျောင်းသား

www.chinland.info

တွေနဲ့ ဘာပြဿနာမှ မဖြစ်လိုက်ဘူး။ သူတို့မေးတဲ့လူတွေကလည်း လမ်းစဉ်လူငယ်ကလူတွေနဲ့ ဂွင်ရိုက်ထားပြီးတော့ မေးတဲ့ဟာတွေဖြစ်တာကိုး။

နောက်တနေ့အစည်းအဝေးက **RIT**မှာ ရှိတယ်။ အဲဒီမှာ ပြီးတာနဲ့ နေ့လည် (၂) နာရီလောက်မှာ ဒေသကောလိပ်ကိုလာပြီးတော့ ဆွေးနွေးမယ်ဆိုပြီး သူတို့အစီအစဉ်ရှိတယ်။ အဲဒီမှာ– ဆလိုင်းတင်မောင်ဦးက သွားစောင့်နေတယ်။ **RIT** ရောက်တဲ့အချိန်ကျတော့ **MC** ကလို မဟုတ်တော့ဘူး။ ဦးလှဟန်နဲ့ အဖွဲ့ ရောက်တာနဲ့ ကျောင်းသား တွေက– လမ်းစဉ်လူငယ်ကကောင်တွေ အမေးကို မခံပဲနဲ့ အကုန်လုံးက ထပြီး ဝိုင်းဖြဲလိုက်ကြရော။ *"ခင်ဗျားတို့အစိုးရ ဘယ်တော့ထွက်မှာလဲ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်က ဘယ်အချိန် အောင်မြင်မှာလဲ၊ ကြားကာလဆိုတာ ဘယ်အချိန်အထိကို ကြားကာလလို့ပြောနေတာလဲ၊ လူတွေလည်း အကုန်တော်ကုန်ပြီ၊ ဘာဖြစ်ပြီ"* အစရှိသဖြင့်ပေ့ါလေ၊ အကုန်လုံးမေးတဲ့ အခါကြတော့ မဖြေနိုင်တော့ဘဲ ဝန်ကြီးတွေ မျက်စိမျက်နှာ ပျက်ပြီး– ခင်ဗျားတို့ ဘယ်တော့ထွက်ပေးမှာလဲ ဆိုတာအထိ မေးလာကြတော့ သူတို့တွေ ထွက်ပြေးကြရော။ အဲဒီကနေတဆင့် မအောင်မြင်တာနဲ့ ဆလိုင်းတင်မောင်ဦးတို့ရှိတဲ့ ဒေသကောလိပ်ဆီကို ဆက်မသွားရဲတော့ဘူး။ မလာတော့ဘူး။

လှိုင်ဒေသကောလိပ်မှာ အုတ်နံရံကြီးရှိတယ်ဗျ။ အရင်တုန်းကတော့ မရှိဘူး။ အရင်တုန်းကဆိုရင်– အလုပ်သမားတွေဆီကို ကျောင်းသားတွေက ဖြတ်သွားလို့ရတယ်၊ အလုပ်သမားတွေနေတဲ့နေရာနဲ့ ကျောင်းသားတွေ နေတဲ့နေရာက ဆက်စပ်နေတော့ အလုပ်သမားတွေလည်း ထမင်းဆိုင်တွေ ဘာတွေဖွင့်ပြီး ရောင်းတာပေ့ါဗျာ။ သူတို့လည်း စီးပွားရေးအဆင်ပြေတယ်။ ကျောင်းသားတွေလည်း သွားစား၊ သွားလည်ရင်းနဲ့ အလုပ်သမားတွေနဲ့ ရင်းနှီးမှုတွေရကြတာပေ့ါ။ အလုပ်သမားနဲ့ကျောင်းသားညီညွတ်ရေးကို တားဆီးတဲ့ အနေနဲ့ ဒီအုတ်နရံကြီးကို တားထားတာဖြစ်တယ်။ ဒီလိုသွေးခွဲပြီး လုပ်တဲ့ကိစ္စမျိုးကို ငါတို့လက်မခံဘူးလို့ ဆလိုင်းတင်မောင်ဦးက ပြော ပြီးတော့– အုတ်နံရံကြီးကို မြင်ဦး (ပခုက္ကူ) အပါအဝင် လူ ၄၊ ၅၊ ၁၀ ယောက်လောက်နဲ့ သစ်တုံးတွေနဲ့သွားထုကြတာ။ အစပိုင်း မှာ လူတွေမပါဘူး။ လူတွေမပါတော့ ဆလိုင်းတင်မောင်ဦးအတော် စိတ်ပျက်ခဲ့တယ်။ ဒါပေမယ့် အားမလျော့ပဲနဲ့ ဆက်ထုနေရင်းက သူတို့ လုပ်တာ မပြီးနိုင်ဖြစ်နေတယ်။ အစပိုင်းက ကျောင်းသားတွေမပါပဲ ဒီအတိုင်း ရပ်ကြည့်နေကြတာ ဖြစ်တယ်။ သူတို့ထုနေတာကို ကြည့် ပြီး အားမလိုအားမရဖြစ်ပြီး အဆောင်က ကျောင်းသားတွေပါ ဆင်းလာပြီး ဝိုင်းထုလိုက်ကြတယ်။ အဲဒီနောက် အုတ်နံရံကြီးက ပြိုသွားရော။ အဲဒါနဲ့ ဇွန်အရေးအခင်းဆိုတာ ဖြစ်သွားတာ။ ဇွန် အရေးအခင်းက ဆလိုင်းတင်မောင်ဦး ကြိုးစားလို့ဖြစ်သွားတာ။ မဟုတ်ရင် ဖြစ်စရာ အကြောင်းမရှိဘူး။

အဲဒီနောက် ဆလိုင်းတင်မောင်ဦး ရှောင်ထွက်သွားတယ်။ ဆလိုင်း တင်မောင်ဦးက ပြည်ပြေးဖြစ်တယ်၊ ဘာဖြစ်တယ်၊ညာဖြစ်တယ်ဆိုပြီး သတင်းစာထဲမှာပါလာတာပေ့ါဗျာ။ ဇွန်အရေးအခင်း အပြီး ၂ လ အကြာ ဩဂုတ်လမှာ ကျနော် အဖမ်းခံရပြီး ထောင်တသက်တကျွန်း ကျသွားတယ်။ ဆလိုင်းတင်မောင်ဦးက တော့ လွတ်သွားပြီး နယ်စပ်ကို ရောက်သွားတယ်။ နောက် သူ ပြန်ဝင်လာပြီး– ၁၉၇၆ မတ်လ မှိုင်းရာပြည့် အရေးအခင်း မဖြစ်ခင် တရက်မှာ– စာရွက် စာတမ်းတွေနဲ့ အတူ ဖမ်းမိသွားတယ်။ အဲဒီလို အကိုဖြစ်သူအဖမ်းခံရတော့– သူ့ညီမ မလှမြိုင် (မိုင်ပိုပို) နဲ့ ဆလိုင်းလှရွှေတို့က စိတ်ခါတ်ပြင်းပျပြီး မှိုင်းအရေးအခင်းမှာ ဝင်ပါပြီး ဆန္ဒပြပွဲတွေမှာ ဝင်ပါလာတယ်။ နောက်ပိုင်းမှာ သူတို့လည်း အဖမ်းခံရပြီး (၉) နှစ်တို့၊ (၇) နှစ်တို့ ကျသွားကြတယ်။ ကျနော်ကတော့ ထောင်ထဲမှာဆို တော့– သတင်းပဲကြားနေရတာပေ့ါ။ နောက် ဆလိုင်းတင်မောင်ဦးကို ကြိုးတိုက်မှာ ထားတယ်ဆိုတာ သိရတယ်။ သူတို့ (၃) လအတွင်းမှာပဲ– ဆလိုင်းတင်မောင်ဦးကို ကြိုးပေးလိုက်တယ်။

*<u>ဆလိုင်းတင်မောင်ဦးနဲ့ နောက်ဆုံး ကျနော်တွေ့ခဲ့ရတာကတော့</u>*– သူအဖမ်းခံရပြီး စီရင်ချက်မချခင်မှာ သူ့ကို ရုံးထုတ်တယ်။ အဲဒီမှာ ကျနော်တို့ကိုလည်း သူနဲ့တွဲဖက်ပြီးအလုပ်လုပ်ခဲ့တဲ့သူဆိုတော့ ကျနော်တို့ကိုလည်းသူတို့ရုံးထုတ်တယ်။ပြီးတော့ဒါ ဆလိုင်းတင်မောင်ဦး လားဆိုပြီး မေးတယ်၊ ကျနော်တို့ကလည်း တရားသူကြီးရှေ့မှာ ဟုတ်ပါတယ်ပေ့ါ။ အဲဒီမှာလည်း ကျနော်တို့ တယောက်နဲ့တယောက် နှုတ်ဆက်ကြတယ်။ ဆလိုင်းတင်မောင်ဦးက ကျနော့်ကို *"သူငယ်ချင်း–စိတ်ဓါတ်မကျနဲ့ကွာ၊ တနေ့တော့ ငါတို့အောင်မြင်မှာပဲ။ ငါတို့မှန်တာလုပ်နေတာပဲ၊ ဘာမှ ကြောက်စရာမရှိဘူး"* ဆိုပြီး သူပြောတယ်၊ ကျနော်ကလည်း *"ငါလည်း မကြောက်ပါဘူး၊ အေးဆေး ပါပဲ၊ မင်းလည်း ကျန်းမာရေးကောင်းအောင်နေ"* ဆိုပြီး ပြန်ပြောခဲ့တယ်။ အဲဒါနောက်ဆုံးသူနဲ့ကျနော် နှုတ်ဆက်စကား ပြော ခြင်းပါပဲ။ အဲဒီမှာ– သူ့ဆံပင်က အတော်ရှည်နေပြီ၊ သူ့ပုံစံက ခြင်္သေ့တကောင် ရပ်နေသလိုပဲ၊ အရမ်းကျက်သရေရှိတယ်။ နောက်ပြီးတော့ ဗလလည်းကောင်းတယ်လေ။ အရမ်းကြည့်လို့ကောင်းတယ်၊ ထောက်လှမ်း ရေးက ကောင်တွေက သူ့ကို အရမ်းကြောက်တယ်"

*<u>ဆလိုင်းတင်မောင်ဦးကို ကြိုးပေးမယ့်နေ့မရောက်ခင် နောက်ဆုံးညက အဖြစ်အပျက်ကျနော်ပြောချင်တယ်။</u>*

ကျနော်က တသက်တကျွန်းနဲ့ အင်းစိန်ထောင်ရဲ့ အဆောင် နံပါတ် (၃) မှာဖြစ်တယ်။ ညပိုင်း (၁၂) နာရီလောက်မှာ– လူ (၂) ယောက် ပျောက်တယ်ဆိုပြီး အားလုံးထထ ဆိုပြီး၊ ကျနော်တို့ကို လာနှိုးပြီး တန်းစီးခိုင်းပြီး လူစစ်တယ်။

ပြီးတော့ ပြန်အိပ်ခိုင်းပြီး မနက် (၂) ချက်တီးလောက် ကျတော့ တခေါက် ထပ်လာပြန်ရော၊ အားလုံးပြန်ထခိုင်းပြီး တန်းစီးခိုင်း ပြန်တယ်ဗျ။ အဲဒါနဲ့ နောက်တခါ (၃) နာရီလောက်မှာ တခေါက် ထပ်လာနှိုးပြီး တန်းစီးခိုင်းပြန်ရောဗျ။

အမှန်တော့ ဆလိုင်းတင်မောင်ဦးကို ကြိုးပေးသတ်ဖို့အတွက် အသံတွေလုပ်ပြီး၊ လူတွေကို ပင်ပန်းအောင်လုပ်နေတာ ဖြစ်တယ်။ လူတွေကလည်း ပင်ပန်းပြီး (၃) နာရီ နောက် ပိုင်းကျတော့ အိပ်မောကျကုန်တာလေ။ ကျနော်တို့အားလုံး အိပ်မောကျသွားတဲ့အချိန် မနက် (၄) နာရီလောက်ကျတော့ ဆလိုင်း တင်မောင်ဦးကို သူတို့ ထုတ်ပြီး ကြိုးပေးလိုက် တာပါပဲ။

*ထိုစဉ်က ကျောင်းသားထုရဲ့ ဆလိုင်းတင်မောင်ဦးအပေါ် အမြင် နှင့် ပတ်သက်၍– ဦးထွန်းအောင်ကျော်မှ*

ဆလိုင်းတင်မောင်ဦးဟာဆိုရင်– ရဲရင့်သော ကျောင်းသားခေါင်းဆောင်ဖြစ်တယ်။ ဆလိုင်းတင်မောင်ဦးဟာဆိုရင်– လှုပ်ရှားမှုများရဲ့ ခေါင်းဆောင်အဖြစ် အသိအမှတ်အပြုခံရပါတယ်။ ဆလိုင်းတင်မောင်ဦးဟာ ကျနော်တို့ရဲ့ စစ်မှန်တဲ့ခေါင်းဆောင်ဖြစ်တယ်။ သူဟာ ချင်း တိုင်းရင်းသားတခုအတွက်တည်းသာလျှင်မဟုတ်ပဲ– ဗမာတနိုင်ငံလုံးရဲ့ ကျောင်းသားများကို ကိုယ်စားပြုခဲ့သူဖြစ်တယ်။ ကျနော်တို့ အားလုံးက သူ့ကို ကျနော်တို့ရဲ့ ခေါင်းဆောင်အဖြစ် လေးစားပါတယ်။

*ဝမ်းနည်းဖွယ် (၃၄) နှစ်ပြည့်မြောက်တဲ့ သူကွယ်လွန်တဲ့နေ့မှာ*– ကျနော်ပြောချင်တာကတော့ ကျနော်တို့တွေ ဆက်လက်လှုပ်ရှားရမယ်၊ ရက်စက်တဲ့ စစ်အာဏာရှင်စနစ်ကို ကျနော်တို့ တိုက်ရမယ်။ ကျနော်တို့ စနစ်ကို တိုက်ရမယ်၊ တိုင်းရင်းသားတခုနဲ့တခု မတိုက်ရဘူး။ ဗမာလူမျိုးဟာလည်းပဲ စစ်အာဏာရှင်စနစ်အောက်မှာ ဒုက္ခတွေ ခံစား နေရတာ ပါပဲ။ ဒါကြောင့်– ကျနော်တို့ တဦးလက်ကို တဦး ကိုင်ဆွဲပြီး– ဗမာ၊ ချင်း၊ ကချင်၊ ရှမ်း၊ ကရင်၊ ရခိုင်၊ မွန်၊ ပအို့ဝ်၊ လားဟူ အစရှိသဖြင့် ပူးပေါင်းပြီး ဒီစနစ်ဆိုးကြီးကို တိုက်ခိုက်ရအောင်။ ကျနော်တို့ လုပ်နိုင်တယ်ဆိုရင်– ကျနော်တို့ဟာ စစ်အာဏာရှင်စနစ်ဆိုတာကြီးကို– ညီညွတ်ရေးအင်အားဖြင့် ဖြုတ်ချနိုင်မှာဖြစ်တယ်။

**********************

www.chinworld.info

*"ဆလိုင်းတင်မောင်ဦးသာ ဒီနေ့အထိရှိမယ်ဆိုရင်– ချင်းလူမျိုးများအကြား စည်းလုံးရေးဟာ ဒီထက်ပိုမိုတိုးတက်အောင်မြင်မယ်လို့ ကျနော်အထူးယုံကြည်တယ်"*

ဆလိုင်းတင်မောင်ဦးနှင့် ညီရင်းအကိုကဲ့သို ရင်းနှီးခင်မင်ကာ ချင်းကျောင်းသားလောကသို့ ခေါ်ဆောင်လာသော

# Dr. Za Hlei Thang



*(Dr. Za Hlei Thang သည် ဆရာဝန်တဦးဖြစ်ပြီး၊ သူ၏ တက္ကသိုလ်ကျောင်းသားဘဝ ၁၉၇၀ ခုနှစ်များတွင် တော်လှန်ရေး ကောင်စီဥက္ကဌ ဗိုလ်ချုပ်နေဝင်းထံသို့ ထိုစဉ်က ချင်းဝိသေသတိုင်းကို ပြည်နယ်အဖြစ် သတ်မှတ်ရေး၊ တိုင်းပြည်၏ အခြေခံဥပဒေတွင် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ပြဌာန်းရေးကို တောင်းဆိုသည့် "ချင်းလူငယ်များ၏ အကြံပေးတင်ပြချက်"ကို လက်မှတ် ရေးထိုးပါဝင်ခဲ့သူတဦးဖြစ်သဖြင့် ထောင်ဒဏ်အပြစ်ပေးခြင်း ခံခဲ့ရသူဖြစ်သည်။ ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (CNLD) ကို ကိုယ်စားပြုလျက် ဖလမ်းမြို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အနိုင်ရရှိခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦး ဖြစ်သည်။ ယခုအခါတွင် အမေရိကန်ပြည်ထောင်စု၌ နေထိုင်လျက်ရှိသည်။)*

<u>*အင်းစိန်ထောင် အဆောင် အမှတ် (၄) နှင့် ချင်းအမျိုးသား နှစ်ဦး*</u>

ကျနော်ဆလိုင်းတင်မောင်ဦးနဲ့ ပထမဆုံးတွေ့တာက– အင်းစိန်ထောင် အဆောင် (၄) မှာဖြစ်တယ်။ ကျနော်က ၁၉၇၂ ဒီဇင်ဘာလမှာ အင်းစိန်ထောင်ထဲရောက်တယ်။ သူကတော့ ကျနော့်ထက်အရင်– ထောင်ထဲရောက်တယ်။ ပထမကျနော် (၈) လလောက် ထောင်တိုက်ပေ့ါလေ။ အဲဒီအထဲမှာနေရတယ်။ အဲဒီနောက်အဆောင်ကိုပြောင်းတော့ ဆလိုင်းတင်မောင်ဦးတို့နေတဲ့ အဆောင်ကို ပြောင်းရတယ်။ ကျနော်လည်း သူ့ကို မသိဘူး၊ ချင်းဖြစ်မှန်းလည်း မသိဘူး။ ကျနော်ပြောင်းပြီး တပတ်လောက်အကြာရဲ့ မနက်ပိုင်း ထမင်းစားပြီး ပန်းကန်ဆေးတဲ့နေရာမှာ– သူက ကျနော့်အနားကို ချဉ်းကပ်လာပြီး ကျနော့်ကို *"ကျနော်လည်း ချင်းပါ၊ ကျနော့်နာမည် တင်မောင်ဦးပါ"* ဆိုပြီး စတင်လာမိတ်ဆက်တယ်။ အဲဒီနေ့ကစပြီး ကျနော်တို့ (၂) ယောက် ထောင်ထဲက မထွက်မချင်းပေ့ါလေ၊ တဆောင်တည်းမှာ နေတယ်၊ တကယ့်ညီအကိုလိုပဲ နေထိုင်ခဲ့ကြတယ်။ ကျနော်တို့ အဲဒီအဆောင်မှာနေပြီး (၅) လလောက်အကြာမှာ ထင်တယ်။ ၁၉၇၄ ဇန်နဝါရီလ (၃) ရက်နေ့– အဲဒီနေ့ဟာဆိုရင် ဆိုရှယ်လစ်ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုတဲ့နေ့မှာ အတူတူပဲ ထောင်ထဲကနေ လွှတ်လာကြတယ်။ ကျနော်ထောင်ထဲကထွက်ထွက်ချင်း ကျနော့်အခန်းကို မပြန်ဘဲ သူ့မိဘများရှိတဲ့ သူတို့အိမ် ကမာရွတ် သုခလမ်း ကိုပဲ တန်းသွားတယ်။ ထောင်ကားကို အဲဒီကိုပဲ ပို့ခိုင်းတယ်။ သူတို့အိမ်မှာပဲ အနားယူပြီး ညစာစားပြီးမှပဲ ကျနော့်အခန်းကို ပြန်ခဲ့တယ်။

<u>*ခစယအတွင်းရေးမှူး ဆလိုင်းတင်မောင်ဦး*</u>

အရင်က ဆလိုင်းတင်မောင်ဦးကို ဘယ်သူမှ ချင်းမှန်းမသိဘူး။ တက္ကသိုလ်မှာလည်း သူ ချင်းလူမျိုးဆိုတာ ဘယ်သူမှ မသိဘူး။ သူ ကိုယ်တိုင်လည်း ချင်းဖြစ်ကြောင်းကို ထုတ်ဖော်ပြောဆိုခဲ့တာတွေ မရှိခဲ့ဘူး။ ထောင်ထဲမှာညီအကိုလို အတူနေတဲ့ အချိန်တွေမှာ– ကျနော် သူ့ကို တောင်ပေါ် ချင်းလူမျိုးတွေရဲ့ အကြောင်းတွေကို ပြောပြတယ်။ တောင်ပေါ်ချင်းလူမျိုးတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး သမိုင်းကြောင်းတွေကို ကျနော်ဝေငှတယ်။ ထို့အတူပဲ သူကလည်းပဲ မြေပြန့်မှာ နေထိုင်တဲ့ အရှိုချင်းတွေရဲ့ အကြောင်းကို ပြန်လည် ဝေငှတယ်။ ကျနော်သူ့ကို ချင်းကျောင်းသားလှုပ်ရှားမှုနဲ့ ချင်းကျောင်းသားအသိုင်းအဝန်းမှာ ပါဝင်ဖို့၊ လှုပ်ရှားဖို့ ကျနော် တိုက်တွန်းခဲ့ တယ်။ ထောင်ထဲကနေထွက်လာပြီးနောက်ပိုင်းမှာတော့ ချင်းဆိုတာကို သူ့ဘာသာသူလည်း ဖွင့်ပြောတယ်။ အဲဒီနောက်ပိုင်းမှာလည်း "ဆလိုင်း" ဆိုတဲ့နာမည်ကို အစဉ်တပ်ဆင်သုံးစွဲတယ်။ တက္ကသိုလ် လှုပ်ရှားမှုတွေမှာလည်း ချင်းအမျိုးသားတယောက်အနေ နဲ့ သူလှုပ်ရှားခဲ့တယ်။ ကျနော်တို့ ထောင်ကထွက်ပြီး မကြာခင် ချင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးရှိတယ်။ အဲဒါနဲ့ သူ့ကို ခစယ အစည်းအဝေးကို ကျနော်ခေါ်သွားခဲ့တယ်။ အဲဒီအစည်းအဝေးမှာ သူပြောတာတွေ အားလုံးကိုတော့ ကျနော် မမှတ်မိတော့ဘူး။ နိဒါန်းလေးကိုတော့ ကျနော်မှတ်မှတ်ရရရှိနေပါသေးတယ်။ သူက *"သူဟာ အရင်တုန်းက သူ့ဘာသာ သူလည်း ချင်းလို့ မပြောဘူး။ လှုပ်ရှားခဲ့မှုများမှာလည်း ချင်းအမျိုးသားတယောက်အနေနဲ့ သူမလှုပ်ရှားခဲ့ဘူး။ အခုချိန်မှာတော့ သူဟာ ချင်းလူမျိုးဖြစ်ခြင်းကို လေးလေးနက်နက် ခံယူတယ်ဆိုတဲ့အကြောင်း၊ ချင်းလူမျိုးအနေနဲ့ ဆလိုင်း အနေနဲ့ သူလှုပ်ရှားနေပြီဆိုတဲ့အကြောင်း၊ ဆက်လက်ပြီးတော့လည်း ချင်းလူမျိုးများအတွက် သူပေးဆပ်နိုင်သရွေ့ ပေးဆပ်ဖို့၊ လုပ်သွားဖို့နဲ့ ညီရင်း အကိုတွေနဲ့ ပေါင်းပြီး ရှေ့ဆက်ပြီး အလုပ်လုပ်သွားမယ်"* ဆိုပြီး သူပြောတယ်။ အဲဒီနောက် အမှုဆောင်ကော်မတီရွေးတော့ သူ့ရဲ့ မိန့်ခွန်းနဲ့ ခိုင်မာတဲ့ ယုံကြည်ချက်ရှိတဲ့ သွင်ပြင်လက္ခဏာရယ်၊ ကျနော့်ရဲ့ စည်းရုံးရေးဖက်ကို ဝိုင်းကူတာရယ်နဲ့ သူ ခစယ အတွင်းရေးမှူးအဖြစ် ပြတ်ပြတ် သားသားအနိုင်ရပြီး အရွေးချယ်ခံရတယ်။

*အကောင်အထည်မဖော်ဖြစ်တဲ့ တော်ပေါ်မြေပြန့် ချင်းအမျိုးသား စည်းရုံးရေးအစီအစဉ်များ*

ထောင်ထဲမှာ ခင်မင်လာပြီး တဦးနဲ့တဦး ညီရင်းအကိုလိုမျိုး ကျနော်တို့ဆက်ဆံသလို၊ အမြဲလိုလို ဆုံတွေ့ပြီး အတူသွား၊ အတူလာ၊ အတူစားဆိုသလိုပါပဲ။ ကျနော်သူ့ကို အရမ်းသတိရတယ်။ အခုကျနော်ပြောရင်းနဲ့တောင် မျက်လုံးထဲမှာ တချိန်က အကြောင်းတွေကို မြင်ယောင်နေတယ်။သူတို့အိမ်မှာလည်း ကျနော်သွားလည်ပတ် ညအိပ်လေ့ရှိတယ်။ သူလည်းပဲ ကျနော့်အိမ်ကို အမြဲလာတယ်၊ ညအိပ် တယ်။ နောက်ပြီး သိမ်ဖြူလမ်းမှာရှိတဲ့ သူ့အဖေရဲ့ ညီမ– သူ့အဒေါ်အိမ်မှာလည်း ကျနော်တို့ နှစ်ယောက် ညအိပ်သွားလည်လေ့ ရှိ တယ်။ ချင်းလူမျိုးအကြား စည်းရုံးရေးတွေ လုပ်ဖို့ Planning တွေဆွဲပြီး အကြီးအကျယ်တိုင်ပင် ထားတာတွေရှိတယ်။ နောက်ပြီး တောင်ပေါ်ချင်းကျောင်းသားတွေနဲ့ မြေပြန့်ချင်းကျောင်းသားများ အကြားမှာလည်း တနှစ်တခါ အလှည့်ကျလည်ပတ်တာတွေ၊ တွေ့ဆုံ ဆွေးနွေးမှုတွေနဲ့ တဦးနဲ့တဦးအကြားမှာ– ပိုမိုရင်းနှီး နီးကပ်ဖို့စီစဉ်တိုင်ပင်ထားတာတွေရှိတယ်။ အဲဒါတွေနဲ့ ပတ်သက်ပြီး– ကျနော် ဆလိုင်းတင်မောင်ဦးနဲ့အတူ– ပြည်မြို့ကို လည်း ရောက်သွားခဲ့တယ်။ သရက်မြို့ကိုလည်း သွားဖို့ စီစဉ်ခဲ့ပေမယ့် အဲဒါတော့ မသွားဖြစ်ခဲ့ဘူး။

*စစ်ထောက်လှမ်းရေးများ မျက်စိအောက်မှ– ဆလိုင်းတင်မောင်ဦး*

ထောင်က ထွက်လာပြီးနောက်ပိုင်းမှာ ကျနော်ကတော့ ကျောင်းပြန်တက်ဖို့ လုံးပမ်းနေတယ်။ သူကတော့ အဲဒီနောက်ပိုင်းမှာလည်း လှုပ်ရှားမှုတွေမရပ်ဘဲနဲ့ ဆက်လက်လှုပ်ရှားနေတယ်။ ဦးသန့်အရေးအခင်းမှာလည်း သူဦးဆောင်ခဲ့တယ်။ ကျနော်လည်း ကျောင်းဝင် ခွင့်ရပြီး– သိမ်ဖြူလမ်း၊ မဆလာစက်မှတ်တိုင်နားမှာ အခန်းငှားနေတယ်။ ကျနော်နဲ့ ဆွေမျိုးတော်တဲ့ Kawl Lian နဲ့အတူနေတယ်။ ဦးသန့်အရေးအခင်းမှာ သူဦးဆောင်ပါဝင်ခဲ့မှုကြောင့်– ထောက်လှမ်းရေးက သူ့ကို အသည်းအသန် လိုက်ရှာနေတဲ့အချိန်ဖြစ်တယ်။ သူ့အိမ်မှာလည်း နေလို့မဖြစ်နိုင်တာကြောင့် ကျနော့်ဆီမှာပဲ အမိက နေခဲ့ရတယ်။ ကျနော်တို့ ကျောင်းသွားချိန်တို့၊ အပြင်သွားချိန်တို့မှာ အပြင်ကနေ သော့ခတ်ပြီး သူ့ကို အထဲမှာ ထားတယ်။ ကျနော်တို့ရှိတဲ့အချိန်တွေ၊ တချို့အချိန်တွေပေ့ါလေ၊ သူက ထပ်ခိုးမှာ နေပြီး၊ ကျနော်တို့ အပြင်သွားတဲ့အခါမှာတော့ အိမ်ထဲမှာ ထားပြီး သော့ခတ်တယ်။ အဲဒီလို ကျနော် သူ့ကို ဖွက်ခဲ့တယ်။ သူကျနော့်ဆီမှာ (၆) လလောက် နေခဲ့တယ်။ ဒါပေမယ့် တခါတလေတော့ အခြေအနေကြည့်ပြီး– ဗဟန်းဖက်က သူ့သူငယ်ချင်းအိမ်မှာလည်း သွားနေလေ့ ရှိတယ်။ အဲဒီ သူငယ်ချင်းနာမည်တော့ ကျနော်မမှတ်မိတော့ဘူး။ ကျနော့်ဆီမှာ နေရင်းနဲ့ သူ ဦးနုရဲ့ ပြည်ပြေးအစိုးရရှိတဲ့ ထိုင်း နယ်စပ် ကိုလည်း သွားခဲ့တယ်။ အဲဒီဖက်အပိုင်းကိုတော့ ကျနော်သူ့ကို သိပ်မမေးခဲ့တော့– မသိဘူး။ ကျနော့်ဆီလာတဲ့အခါမှာ တခါတလေ လက်နက်တွေ၊ ဘာတွေလဲ ပါတယ်။

သူ့ကိုဖမ်းမိတဲ့အချိန်မှာ– ကျနော် ရန်ကုန်မှာ မရှိဘူး။ ချင်းပြည် ဖလမ်းပြန်နေတဲ့အချိန်ဖြစ်တယ်။ ကျနော့်အခန်းကိုလည်း ထောက်လှမ်းရေးတွေ ရောက်လာပြီး တအိမ်လုံးကို မွှေနှောက်ရှာဖွေတယ်၊ ကျနော်မရှိတဲ့အချိန်ဖြစ်နေတဲ့အတွက်– တဖက်ကကြည့်ရင် ကျနော့် အတွက်တော့ ကံကောင်းတယ်လို့ပြောရမယ်ထင်တယ်။ ကျနော်ဖလမ်းမပြန်ခင်အချိန်ထိ သူနဲ့တွေ့တယ်၊ ဒါနဲ့ ကျနော် ဖလမ်းပြန်တယ်၊ ဖလမ်းရောက်ပြီး တပတ်အကျော်လောက်မှာပဲ သူအဖမ်းခံရတာကြားရတယ်။

*ဆလိုင်းတင်မောင်ဦး ကြိုးပေးအသတ်ခံရခြင်း (၃၄) နှစ်မြောက်နှင့် ပတ်သက်၍–*

ဆလိုင်းတင်မောင်ဦး ကွယ်လွန်သွားခြင်းဟာ ဗမာပြည်အတွက် အထူးသဖြင့် ချင်းလူမျိုးများအတွက် အင်မတန်မှ နစ်နာဆုံးရှုံးမှုကြီးဖြစ်တယ်။ ဒ့ါအပြင် သူဟာ ချင်းတယောက်အနေနဲ့ မားမားမတ်မတ် ခံယူရပ်တည်ပြီး– ဗမာပြည်တခုလုံး အတိုင်းအတာနဲ့ ဦးဆောင်ပြီး လှုပ်ရှားနိုင်ခဲ့တဲ့– ချင်းလူမျိုး ကျောင်းသားခေါင်းဆောင်ကြီးဖြစ်တဲ့အတွက်– ကျနော် အရမ်းဂုဏ်ယူတယ်။ ဆလိုင်းတင်မောင်ဦးသာ ဒီနေ့အထိရှိမယ်ဆိုရင်– ချင်းလူမျိုးများအကြား စည်းလုံးရေးဟာ ဒီထက်ပိုမိုတိုးတက်အောင်မြင်မယ်လို့ ကျနော်အထူးယုံကြည်တယ်။ အထူးသဖြင့် တောင်ပေါ်ချင်းနဲ့မြေပြန့်ချင်းအကြားမှာလည်း တစိတ်တဝမ်းတည်း ဖြစ်မှုနဲ့နီးစပ်မှုက ပိုမိုရှိမယ်လို့ ကျနော်ယုံကြည်တယ်။ နောက်ပြီး အထူးသဖြင့် မျိုးဆက်သစ်တွေ အနေနဲ့ သူ့ဆီကနေ သင်ယူရမယ့်ဟာတွေကတော့– သူ့ရဲ့ သတ္တိ၊ သူ့ရဲ့ လုပ်ရည် ကိုင် ရည်နဲ့ မှန်ကန်တဲ့ယုံကြည်ချက် အပေါ်မှာ– ရပ်တည်ခဲ့တဲ့ စိတ်ဓါတ်တွေဖြစ်တယ်။

www.chinworld.info

*"ဆလိုင်းတင်မောင်ဦးကို သူတို့ကြိုးပေးသတ်ဖြတ်ခဲ့တယ်။ ဒါဟာ ဗမာပြည်မှာ– သမိုင်းတလျှောက် ကြိုးပေးအသတ်ခံရတဲ့သူက သူတဦးတည်းသာလျှင်ဖြစ်တယ်။ ကျောင်းသားတယောက်ကို ကြိုးပေးသတ်ရလောက်အောင် ဘယ်လိုအခြေအနေမျိုးမှမရှိဘဲနဲ့ သူတို့ရဲ့ အာဏာကုလားထိုင်ကို ဆွဲကိုင်လှုပ်နိုင်တဲ့သူမှန်သမျှ အပြတ်ရှင်းမယ်ဆိုတဲ့ သဘောထားက အဲဒီထဲက ရှိနေတယ်လို့ ကျနော်ပြောချင်ပါတယ်"*

*"တင်မောင်ဦးတယောက်ကို ကြိုးပေးသတ်လိုက်ပေမယ့်လို့– နောက်ထပ် ဆလိုင်းတင်မောင်ဦးပေါင်းမြောက်မြားစွာ ထပ်မံပေါ်လာဦးမှာပဲ"*

## ဦးအောင်စောဦး ဖြတ်သန်းခဲ့သော …… ဆလိုင်းတင်မောင်ဦး



*(ဦးအောင်စောဦးသည် သွားဖက်ဆိုင်ရာဆေးတက္ကသိုလ်ကျောင်းသားအဖြစ် ၁၉၇၂–၇၆ အထိ ပညာ သင်ကြားခဲ့သူဖြစ်ပြီး– ၁၉၇၄၊ ၇၅၊ ၇၆ ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ပြီး မိုင်းရာပြည့် အရေးအခင်း အပြီးတွင် ကျောင်းမှ ရာသက်ပန် အထုတ်ခံရသည်။ ထို့အပြင်– အလုပ် ကြမ်းနှင့် ထောင်ဒဏ် (၇) နှစ် ချမှတ်ခံခဲ့ရသည်။ ၁၉၈၈ အရေးတော်ပုံနောက် ပေါ်ပေါက်လာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင်လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သူဖြစ်သည်။ ယခုအခါတွင် အမေရိကန်ပြည်ထောင်စု၌နေထိုင်လျက်ရှိပြီး၊ The International Republican Institute (IRI) တွင် ပါဝင်လှုပ်ရှားနေသည်။)*

<u>*ဦးသန့်အရေးအခင်း၏ ဆလိုင်းတင်မောင်ဦးနှင့် အောင်စောဦး*</u>

၁၉၇၄ခုနှစ် ဒီဇင်ဘာ (၅) ရက်နေ့မှာ– ဦးသန့်ရဲ့ ရုပ်အလောင်းကို ကျိုက္ကဆံခန်းမကနေ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းကို သယ်ဆောင်ခဲ့ကြပါတယ်။ ကျန်တဲ့ပရိတ်သတ်ကတော့– ကြံတောသုသာန်မှာပဲ မြေမြှုပ်သဂြိုဟ်မယ်ထင်ကြတဲ့အတွက် အတော်များများကလည်း ကြံတောသုသာန်မှာ စောင့်ဆိုင်းနေကြတာလည်းရှိတယ်။ ဒါပေမယ့် ကျနော်တို့က– ကြံတော အထိကို မသွားဘဲနဲ့ (၅) ရက် နေ့ညမှာပဲ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့က– မြက်ခင်းပြင်မှာ– ခေတ္တခဏထား ပါတယ်။ ပြီးတော့မှ ဘွဲ့နှင်းသဘင်ခန်းမ အတွင်းကို ရုပ်ကလာပ်ကို သယ်သွားတာဖြစ်တယ်။

ဒီဇင်ဘာ (၆) ရက်နေ့မှာ– အဲဒီညမှာပဲ ဖွဲ့လိုက်တဲ့ ဈာပနကော်မတီကနေ ရန်ကုန်တိုင်းကောင်စီဆီကို– ဦးသန့်နဲ့ ပတ်သက်လို့ ထိုက်တန်တဲ့တနေရာမှာ– ဦးသန့်ဂူဗိမာန်ဆောက်ပေးဖို့ တရားဝင်တောင်းဆိုပါတယ်။ အဲဒီတောင်းဆိုချက်ကို ညနေ (၄) နာရီ ရုံးချိန်အတွင်းမှာ အကြောင်းပြန်ပေးဖို့၊ သို့ပေမယ့် ရန်ကုန်တိုင်း ကောင်စီကနေ ဘာအကြောင်းမှ မကြားခဲ့ပါဘူး။ ဒီလိုနဲ့ နောက် တရက် ဒီဇင်ဘာ (၇) ရက်နေ့မှာ– ထပ်မံပြီး နိုင်ငံတော်ကောင်စီအထိ စာတင်ပါတယ်။ ဒါပေမယ့် (၇) ရက်နေ့အထိလည်း နိုင်ငံတော် ကောင်စီက အကြောင်းမပြန်တဲ့အတွက်– အဲဒီမှာပါဝင်ပတ်သက်ခဲ့ကြတဲ့ ဈာပနကော်မတီကနေကျောင်းသားထုဖက်ကနေ ဒီလိုတရားဝင်တောင်းဆိုပြီးတော့မှ ထိုက်တန်တဲ့ ဂူဗိမာန်တောင်းကို ဘာမှ အကြောင်းမပြန်တဲ့အတွက်– တချိန်တုန်းက ဗိုလ်နေဝင်း ဖုံးခဲ့ဖျက်ဆီးခဲ့တဲ့ သမဂ္ဂအဆောက်အဦးနေရာမှာ– ဂူဗိမာန် ဆောက်ပြီး မြှုပ်နှံမယ်လိုဆုံးဖြတ်လိုက်တဲ့အခါ– ကျောင်းသားထုအားလုံး၊ တက်ရောက်လာတဲ့ ပရိတ်သတ်အားလုံးက လက်ခုပ် သြဘာပေးပြီးတော့ တကာသအဆောက်အဦးဟောင်းနေရာမှာ– ဂူဗိမာန်ဆောက်ဖို့ စီစဉ်ကြ ပါတယ်။

အဲဒီမှာ တိုက်တိုက်ဆိုင်ဆိုင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ဆောက်ဖို့လုပ်နေတဲ့ ကာလဖြစ်တဲ့အတွက် ဘိလပ်မြေတွေ၊ အုတ်တွေ၊ သဲတွေကလည်း အဆင်သင့်ဖြစ်နေတဲ့အတွက် အဲဒါတွေကို ကျောင်းသူ/သားတွေက လက်ဆင့်ကမ်း သယ်ဆောင်ပြီး (၇) ရက်နေ့ညကစပြီး တကာသအဆောက်အဦးဟောင်းနေရာမှာ– ဂူဗိမာန်ဆောက်ခဲ့ကြပါတယ်။ (၈) ရက်နေ့ကြတော့မှ သူ့ရဲ့မိသားစုနဲ့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းတဲ့အခါမှာ– ဦးသန့်ရဲ့ ရုပ်အလောင်းကို ကန်တော်မင်မှာ– ထိုက်တန်တဲ့တနေရာ ပေးပါ့မယ်လို့ အကြောင်းပြန်လာခဲ့တယ်။ အဲဒီမှာ မဲခွဲဆုံးဖြတ်တဲ့အခါမှာ– တက္ကသိုလ်ဝင်းထဲမှာပဲ ထားမယ်ဆိုတာနဲ့ ကန်တော်မင်ကို ယူသွားတာကို လက်ခံတယ်ဆိုတာကို မဲခွဲကြတယ်။ အဲဒီမှာ ကန်တော်မင်ကို ယူမယ် ဆိုတာက အများစုအနေနဲ့ ကျသွားတယ်။

ဘွဲ့နှင်းသဘင်ခန်းမမှာ သရဂုဏ်တင်တယ်။ ပြီးတော့ ဒီရုပ်ကလာပ်ကို ယူလာပြီးတော့မှ ကျောင်းသားတွေ ကိုယ်တိုင်တည်ဆောက်ထားတဲ့ တကာသအဆောက်အဦးရဲ့ ဂူဗိမာန်နားမှာ– ဦးသန့်ရဲ့ ရုပ်ကလာပ်ကို သယ်ဆောင်လာပြီး နောက်ဆုံးဂါဝရပြုကြပြီး သရဂုဏ်တင်ကြတယ်။ အဲဒီမှာ သူ့ရဲ့ ရုပ်အလောင်းကို ကျောင်းသူကျောင်းသားတွေက လက်ချင်း ချိတ်ပြီး သုံးထပ်ကာရံ ထားတဲ့အချိန် မှာ– ကျနော်က အပြင်ဆုံးအလွှာမှာ တာဝန်ကျပြီးတော့ လက်ချင်းချိတ်ပြီး ရုပ်အလောင်းကို မသမာတဲ့လူတွေ– လက်ထဲရောက် မသွားအောင်ဆိုပြီး လုံခြုံရေးတာဝန်ယူနေပါတယ်။ တချိန်တည်းမှာပဲ– ကျနော်က အဲဒီနားက ကျောက်တိုင်ဘေးက ခြံစည်းရိုးကို တက် ပြီး ကြွေးကြော်သံတွေကို တိုင်နေပါတယ်။

ဦးခန့်၊ အေးအေးသန့် အစရှိတဲ့ သူ့တို့မိသားစုတွေကနေ ကျောင်းသူ/သားတွေကို အလောင်းကို ကန်တော်မင် သယ်ယူဖို့ အတွက် အရှေ့မှာ ရှိနေတဲ့ လူစုခွဲခိုင်းတိုင်း၊ ပရိတ်သတ်များက ဆူညံအော်ဟစ်နေကြတယ်။ ဘာမှကို ပြန် မကြားရတဲ့အနေ အထား မျိုးဖြစ်တယ်။ အဲဒီအချိန်မှာ ဆလိုင်းတင်မောင်ဦးက ကျနော်တို့ရှေ့ကပဲ ဖြတ်ပြီးတော့– ထွက်

သွားတယ်။ ထွက်သွားပြီး ပြန်ကြားရေး ဌာနရှိတဲ့ မန္တလေးဆောင်ကို သွားပြီး မိုက်ခရိုဖုန်းကို ကိုင်ပြီး– ဒီရုပ်အလောင်းကို ဒီနေရာမှာပဲ မြှုပ်နှံသင်္ဂြိုဟ်မယ်ဆိုပြီး ပြောလိုက်တဲ့ အခါမှာ– အားလုံးက လက်ခုပ်သြဘာပေးပြီး အားပေးကြတယ်။ နောက်ဆုံး အဲဒီမှာ မြှုပ်မယ်ဆိုပြီး ဖြစ်သွားတယ်။ တကယ်တည်း မြှုပ်ပြီးသွားတဲ့အခါမှာ– ကမ္ဘာမကြေသီချင်းဆိုပြီး၊ အရေးတော်ပုံ အောင်ရမည်ဆိုပြီး ကြွေးကြော်သံတွေ ဆိုပြီး လူစုခွဲထွက်သွားကြ တယ်။

အဲဒီနေ့မှာ ပထမဆုံးစတင်တွေ့ဖူးလိုက်ခြင်းဟာ ဆလိုင်းတင်မောင်ဦး ပြန်ကြားရေးဌာနရှိရာ– မန္တလေးဆောင်ကို သွားတဲ့အချိန်မှာ– ကျနော်ကလည်း ထိပ်မှာ– ကြွေးကြော်သံတိုင်နေတဲ့သူဖြစ်နေတာနဲ့ တဦးနဲ့တဦးလည်း မျက်မှန်းတန်းမိနေပြီဖြစ်ပြီး နှုတ်ဆက်ကြတယ်။ သူက "ကျနော် တင်မောင်ဦးပါ" ဆိုပြီးပြောတာကို ကျနော်မှတ်မိပါသေးတယ်။ ကျနော်ကလည်း ကျနော့်နာမည် ကို ပြန်ပြောပြလိုက်တယ်။ ဆလိုင်းတင်မောင်ဦးဟာ အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်း၊ ဗလတောင့်တောင့်ဖြစ်တယ်။ ရုပ်ပိုင်းဆိုင်ရာအရ ကျန်းမာသန်းစွမ်းတဲ့ လူငယ်တယောက်ဖြစ်တယ်။ ထို့အတူပဲ သူဟာ ဒီကျောင်းသားလှုပ်ရှားမှုများအပေါ်မှာ– တက်တက် ကြွကြွ၊ စူးစူးနစ်နစ်လုပ်မယ့် လက္ခဏာရှိတယ်လို့ စတင်တွေ့ကြစဉ်ကာလမှာ– ဖြတ်ခနဲပဲ သုံးသပ်မိတယ်။

"ကျောင်းသားထု အကြားမှာ" လို့ ဆိုရာမှာ အဲဒီကာလ ကျောင်းသားလှုပ်ရှားမှုများဟာ မဆလမိုးကောင်းစဉ်ဖြစ်ပါတယ်။ တကယ် ပါဝင်လှုပ်ရှားနေကြသူတွေထဲမှာတော့ တယောက်နဲ့ တယောက် သိနေကြပါတယ်။ အဲဒီကာလ လှုပ်ရှားတက်ကြွသူများကို အများက ပျက်ရယ်ပြုကြပါတယ်။ သနားစရာသတ္တဝါတွေလို့လည်း သဘောထားကြပါတယ်။ ဒါပေမဲ့ ယုံကြည်ချက်ခိုင်မာသူတွေကတော့ မဖြုံပါဘူး။ ကျွန်တော်တို့ကို "နံရံကို ခေါင်းနဲ့တိုက်သူ၊ ခေါင်းပဲကွဲမယ်" လို့ သရော်တာကို ခံခဲ့ကြရပါတယ်။ ကျွန်တော်တဦးချင်းရဲ့ တုန့်ပြန်ချက်ကတော့ " အေး ခေါင်းကွဲချင် ကွဲပါစေ၊ နံရံမှာ သွေးစွန်းကျန်ခဲ့ရင် ငါတို့တာဝန်ကျေပြီ"။ (နှစ်ပေါင်း ၃၀ ကျော်အကြာမှာ အဲဒီတုန့်ပြန်ချက်ရဲ့အဖြေ၊ မှန်ကြောင်းသက်သေပြပြီး သွားခဲ့ပြီလို့ ယူဆပါတယ်။

နောက်၊ ၁၉၇၆ ခုနှစ် ဩဂုတ်လ ၁၁ ရက် အင်းစိန်ထောင်ဘူးဝ အထူးတရားရုံး (စစ်ခုံရုံး) မှာ အမိန့်ချတုန်းက " မင်းတို့မှာ အပြစ်ရှိ သလား မရှိဘူးလား" ဆိုတဲ့ မေးခွန်းကို ကျွန်တော် ခုလို ဖြေခဲ့ဘူးပါတယ်။ " အေး အပြစ်ရှိတယ် မရှိဘူးဆိုတာကို တနေ့ ပြည်သူတွေ သွေးနဲ့ရေးတဲ့ သမိုင်းက သက်သေပြလိမ့်မယ်" ။ အဲဒီတုန့်ပြန်ချက် မှန်လား မှားလား "ရှစ်လေးလုံး" က ဖြေခဲ့ပြီလို့ယူဆပါတယ်။

ဆလိုင်းတင်မောင်ဦးကို သူတို့ကြိုးပေးသတ်ဖြတ်ခဲ့တယ်။ ဒါဟာ ဗမာပြည်မှာ– သမိုင်းတလျောက် ကြိုးပေးအသတ်ခံရတဲ့သူက သူ တဦးတည်းသာလျှင်ဖြစ်တယ်။ ကျောင်းသားတယောက်ကို ကြိုးပေးသတ်ရလောက်အောင် ဘယ်လိုအခြေအနေမျိုးမှမရှိဘဲနဲ့ သူတို့ရဲ့ အာဏာကုလားထိုင်ကို ဆွဲကိုင်လှုပ်နိုင်တဲ့သူမှန်သမျှ အပြတ်ရှင်းမယ်ဆိုတဲ့ သဘောထားက အဲဒီထဲက ရှိနေတယ်လို့ ကျနော်ပြောချင်ပါတယ်။

ဆလိုင်းတင်မောင်ဦး ကြိုးပေးအသတ်ခံလိုက်ရတာကို သိလိုက်ရတဲ့အချိန်မှာ– တစ်အချက်– ကျနော်တို့ စိတ်မကောင်းဖြစ်မိတယ်။ နှစ်အချက်က– စစ်အာဏာရှင်ကို ပိုပြီးတော့ ရွံမုန်းနာကျည်းလာတယ်။ နာကျည်းတာနဲ့အမျှ ငါတို့တော့– တစုံတခုတော့ လုပ်ဖို့လိုအပ်တယ်ဆိုတာ– ကျောင်းသားလူငယ်ထုတွေ၊ အထူးသဖြင့် ယုံကြည်ချက်ခိုင်မာတဲ့ သူတွေရဲ့ ရင်ထဲမှာတော့ ပိုမိုခိုင်မာစွာ ကိန်းဝပ်သွားတယ်လို့ ပြောချင်တယ်။ ဒီနေရာမှာ– အင်းစိန်ထောင်ရဲ့ နံရံ လေးမှာ– စာလုံးလေး (၄) လုံးလောက်ပဲ ရေးထားတဲ့ ကဗျာလေးတပုဒ်ကို တွေ့တယ်။ အတိုဆုံးကဗျာလို့ပဲ ပြောရမလား မသိဘူး။ ကဗျာလေးက "တကွေ့……တွေ့မယ်"။

<u>*အိမ်သာနံရံပေါ်က ဆလိုင်းတင်မောင်ဦး၏ စာသား*</u>

ကျနော် ကိုဆလိုင်းတင်မောင်ဦးနောက်ဆုံးနေသွားတဲ့ အင်းစိန်ထောင် တိုက်သစ် အခန်း (၁) မှာ နေခဲ့ရတယ်။ အဲဒီအခန်းရဲ့ အိမ်သာ နံရံမှာ ခဲဆံလေးနဲ့ *"ညီမလေး မလှမြိုင်၊ ညီမလေးအတွက် အကိုကြီး ဂုဏ်ယူပါတယ်။ တင်မောင်ဦး၊"* ဆိုတဲ့ စာသားလေးကို ကျနော်တွေ့ခဲ့ရတယ်။ ကျနော်ထောင်ကထွက်လာတော့ အဲဒီစာသားလေးအကြောင်းကို ဆလိုင်းတင်မောင်ဦးရဲ့ ညီမဖြစ်သူကို ကိုယ်တိုင် ပြောချင်လွန်းလို့ လိုက်ရှာခဲ့ပေမယ့် မတွေ့ဖြစ်ခဲ့ဘူး။ ဆလိုင်းတင်မောင်ဦး ကွယ်လွန်တာ (၃၄) နှစ်အကြာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကမှ မိုင်ပိုပို (ခ) မလှမြိုင်က ဖုန်းနဲ့စတင်ဆက်သွယ်လာတော့မှ အဲဒီ စာအကြောင်းကို ကျနော်ပြောဖြစ်ခဲ့တယ်။

<u>*ဆလိုင်းတင်မောင်ဦး ကြိုးပေးအသတ်ခံရခြင်း (၃၄) နှစ်နှင့် ပတ်သက်၍–*</u>

ဆလိုင်းတင်မောင်ဦးကြိုးပေးအသတ်ခံလိုက်ရတာနဲ့ပတ်သက်လို့က ဗိုလ်အောင်ကျော်ခေတ်နဲ့ ယှဉ်ပြီးပြောချင်ပါတယ်။ မြင်းစီးပုလိပ် တွေရဲ့ ရိုက်သတ်ခြင်းကြောင့် သူကွယ်လွန်ခဲ့တယ်။ သူ့ရဲ့ဈာပနမှာ သူ့မိခင်က ပြောပါတယ်။ *"အောင်ကျော်ရေ–မင်းသေလို့ ဝမ်းနည်းတာထက် မင်းလို သားမျိုးနောက်ထပ်မမွေးနိုင်မှာကို အမေသိပ်ဝမ်းနည်းတယ်"*။ နအဖခေတ်မှာ သံဃာလှုပ်ရှားမှုရဲ့ခေါင်းဆောင် အရှင်ဂမ္ဘီရ ထောင်ကျ သွားတော့– သူ့အမေက ပထမမှာ– အရှင်ဂမ္ဘီရ နှစ်နည်းနည်းလေးပဲ ကျတဲ့အခါကျတော့– သူစိတ်ထဲမှာ တမျိုးဖြစ်တယ်တဲ့။ နောက်တခါ နောက်အမှုနဲ့ သူ့ကို ထောင်ချလိုက်တော့– ထောင်နှစ်တွေက အများကြီးဖြစ်သွားတဲ့အခါမှာ– သူ့အမေက *"ငါ့သား၊ ဂုဏ်ထူး ထွက်သွားပြီ"* ဆိုပြီး ဂုဏ်ယူစွာနဲ့ သူပြောပါ

www.chinwolf.info

တယ်။ အခုလည်းပဲ ကိုတင်မောင်ဦးကို လူမသိ၊ သူမသိ ထောင်ထဲမှာ ကြိုးပေးသတ်ဖြတ် လိုက်တဲ့အပေါ်မှာဆိုရင်– နိုင်ငံရေးအရ သူ့ရဲ့လုပ်ရှားမှုများကို အသိအမှတ်ပြုခြင်း၊ တနည်းအားဖြင့် မမှန်ကန်သူများရဲ့ မှန်ကန်ခြင်းကို ကြောက်ရွံ့ခြင်းလို့ ပြောရမှာဖြစ်တယ်။။

အဲဒီခေတ်ကာလ ၁၉၇၀ ကိုကိုးကျွန်းတိုက်ပွဲမှာ ကျသွားတဲ့– အထက်ဗမာပြည်ဗကသရဲ့ အမှုဆောင်ဟောင်း တဦးဖြစ်တဲ့ ကိုလေးမောင်က အဲဒီကျွန်းတိုက်ပွဲမှာ– ကဗျာစပ်ခဲ့ဖူးပါတယ်။ အဲဒီကဗျာက ဘာလဲဆိုတော့–

“ငါ့သွေးတစက်

ငါ့သက်တချောင်း

ငါ့အလောင်းမှ

ထောင်သောင်းမြောက်မြား

ကွင်းလွတ်သွားအံ့

ငါကား ... ဘယ်မှာသေမည်နည်း”

၇၆ ခုနှစ်မှာ– ကိုတင်မောင်ဦးကို ကြိုးပေးသတ်ဖြတ်လိုက်ပေမယ့်– ဒီလှုပ်ရှားမှုတွေက ရပ်တန့်သွားတာ မဟုတ်ဘဲနဲ့ ဆက်တိုက် ဆက်တိုက် ပေါ်လာခဲ့တာဟာ ဒီနေ့အထိပါပဲ။ ဒါ့ကြောင့် တင်မောင်ဦးတယောက်ကို ကြိုးပေးသတ်လိုက်ပေမယ့်လို့– နောက်ထပ် ဆလိုင်းတင်မောင်ဦးပေါင်းမြောက်မြားစွာ ထပ်မံပေါ်လာဦးမှာပဲလို့ သူ့မိဘတွေ၊ ကျန်ရစ်ခဲ့တဲ့ ညီအကိုမောင်နှမ ဆွေမျိုးသားချင်း အားလုံးရဲ့ ရင်ထဲမှာလည်းပဲ အဲဒီလိုရှိနေလိမ့်မယ်လို့ ကျနော်ယူဆတယ်။

* * * * * * * * * * * * * * *

www.chinworld.info

ဆလိုင်းတင်မောင်ဦး၏ **ခစယ လုပ်ဖော်ကိုင်ဖက်** ...... **Tang Nang Lian Thang**



*( တာန်နန်လျန်ထန်သည် ဆလိုင်းတင်မောင်ဦး ခစယအတွင်းရေးမှူးအဖြစ် တာဝန်ယူချိန်တွင် တွဲဖက်အတွင်းရေးမှူးဖြစ်သည်။ ဦးသန့်အရေးအခင်းကာလတွင်– ဒဿနိကဗေဒဌာန၏ ကော်မတီ ၁၁ ဦးတွင် တဦး အပါအဝင်ဖြစ်သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် ထင်ရှားသော ချင်းကျောင်းသားခေါင်းဆောင်တဦး ဖြစ်သည်။ ၈၈၈၈ အရေးတော်ပုံအပြီး ပထမဆုံးဖွဲ့စည်းတည်ထောင်သော ချင်းနိုင်ငံရေးအဖွဲ့အစည်းဖြစ်သည့် Chin National Union (CNU) တွင် ဥက္ကဌအဖြစ် တာဝန်ယူ ခဲ့သူ ဖြစ်သည်။ ယခုအချိန်တွင် ဂျပန်နိုင်ငံ၌ နေထိုင်လျက်ရှိပြီး Chin National Community - Japan (CNC-Japan) နှင့် United Nationalities in Japan (AUN-Japan) တွင် Chairperson အဖြစ်၄င်း၊ Chin Forum Managing Board တွင် အဖွဲ့ဝင်တဦးအဖြစ်၄င်း လှုပ်ရှားပါဝင်လျက်ရှိ သည်။)*

<u>*ဆလိုင်းတင်မောင်ဦး နှင့် ခစယ*</u>

ဆလိုင်းတင်မောင်ဦးကို ကျနော်စသိတဲ့အချိန်က– ချင်းစာပေနှင့်ယဉ်ကျေးမှု ကော်မတီ (ခစယ) ရဲ့ နှစ်ပတ်လည် ရွေးကောက်ပွဲကို သူ လာတယ်။ အဲဒီအစည်းအဝေးမှာ–သူက *"ချင်းလူမျိုးတွေ သွေးစည်းညီညွတ်ဖို့နဲ့ ဗမာပြည် အရေးမှာလည်း ပိုမိုပါဝင်လှုပ်ရှားဖို့"* အစ ရှိတဲ့အချက်တွေပါတဲ့ ရဲရဲတောက် မိန့်ခွန်းကို သူပြောခဲ့တယ်။ သူ့ရဲ့ မိန့်ခွန်းက အားလုံးရဲ့ စိတ်ကို အတော်ဖမ်းစားနိုင်တယ်။ နောက်– အတွင်းရေးမှူး ရွေးချယ်ပွဲမှာ– သူကို အားလုံးက အတွင်းရေးမှူး အဖြစ် မဲပေး ရွေးချယ်ကြတယ်။ ထိုက်တန်စွာဖြင့် အားလုံးက မဲပေးပြီး တကယ်တင်တာဖြစ်တယ်။ အဲဒီရွေးချယ်ပွဲမှာ– သူနဲ့ အဓိကပြိုင်ပြီး အတွင်းရေးမှူးနေရာရွေးတာက တီးတိန်ဖက်ကတယောက်ဖြစ်တယ်။ သူက ရှုံးပြီး ဆလိုင်းတင်မောင်ဦး အနိုင်ရတယ်။ ကျနော့်ကိုတော့ တွဲဖက်အတွင်းရေးမှူးအနေနဲ့ ရွေးချယ်ကြတယ်။ သူနဲ့ ကျနော်နဲ့ခစယအတွက်အတူတကွ တိုင်ပင်အလုပ်လုပ်ခဲ့ကြတယ်။ သူက ချင်းကိစ္စတွေတင်သာမကပဲ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားကိစ္စများမှာလည်း တော်တော်လေးကို ဦးဆောင်တဲ့အပိုင်းမှာ ဖြစ်နေတဲ့အတွက်– တချို့ ကိစ္စတွေကို ကျနော်တို့ အားလုံးမသိနိုင်ဘူး။ နောက် သူအတွင်းရေးမှူး တာဝန်ယူပြီး–မောင်မယ်သစ်လွင်ကြိုဆိုပွဲနေ့မှာ မိန့်ခွန်းပြောပြီးတော့– တခြားအရေးကြီးကိစ္စနဲ့ အပြင်ထွက်သွားတယ်။ အစည်းအဝေးအပြီးမှာ အမှုဆောင် ကော်မတီအဖွဲ့ ဓါတ်ပုံရိုက်တဲ့အထဲမှာ– သူ့ပုံမပါဘူး။ အဲဒီနေ့က သူရဲရဲတောက် မိန့်ခွန်းပြောနေတဲ့ ဓါတ်ပုံက တချို့လူတွေဆီမှာ ရှိလိမ့်မယ်။ ဦးသန့်အရေးအခင်းမှာ– ကျနော်က ဒဿနိကဗေဒဌာနရဲ့ ကော်မတီဝင် (၁၁) ဦးထဲမှာ ကျနော်ပါတယ်။ ဆလိုင်းတင်မောင်ဦးကတော့ ဦးသန့်လှုပ်ရှားမှု ဗဟိုမှာ ပါတယ်။ သူတို့ဦးဆောင်မှုနဲ့ တောက်လျှောက် သွားခဲ့တယ်။

<u>*သူနဲ့နောက်ဆုံး တွေ့ဖြစ်ခဲ့တဲ့နေ့လေးကတော့*</u>– သူနယ်စပ်ကနေပြန်လာပြီး– ဇွန်အရေးအခင်းကာလ ညပိုင်း အစည်းအဝေးတခုမှာ တွေ့ခဲ့တာဖြစ်တယ်။ အဲဒီညမှာ–သူကျနော့်ကို မှတ်မှတ်ရရပြောသွားတဲ့စကားတခွန်း ရှိပါတယ်။ သူက "မင်း ချင်းလူမျိုးအတွက် လုပ်တာကို ဂုဏ်ယူတယ်၊ နောက်ပြီး တနိုင်ငံလုံးအတိုင်းအတာနဲ့လည်း လုပ်ဖို့လိုတယ်ဆိုတာကို သူပြောတယ်"။

<u>*ဆလိုင်းတင်မောင်ဦး ကြိုးပေးအသတ်ခံရပြီး အစိုးရဖက်က စိုးရိမ်မှုတွေရှိတယ်*</u>။ ၁၉၇၇ ခုနှစ်မှာ–ကျနော့်ကို ချင်းအမျိုးသားနေ့ကို **Public** မကျင်းပဖို့နဲ့ ချင်းအမျိုးသားနေ့ဆိုတဲ့ စာလုံးမတပ်ဖို့ ထောက်လှမ်းရေးက ကျနော့်ကို ဖိအားပေးခဲ့တယ်။ ဒါပေမယ့်လည်း ကျနော့်ကို ဖမ်းချင်ဖမ်းဆိုပြီး ကျနော်ရဲဝံ့စွာဖြင့် လုပ်ခဲ့တယ်။ သမိုင်းမှာ ကျနော်သတ္တိရှိရှိ လုပ်ခဲ့တဲ့ ဟာတွေ ပေါ့နော်။ အဲဒါက (၂၉) ကြိမ် မြောက် ချင်းအမျိုးသားနေ့ဖြစ်တယ်။ လိပ်ခုံးခမ်းမမှာ နောက်ဆုံးကျင်းပ ပြုလုပ်ခဲ့ရခြင်းလည်း ဖြစ်တယ်။

<u>*(၃၄) နှစ်မြောက် ကွယ်လွန်ခြင်းနေ့မှာ ကျနော့်အနေနဲ့ ပြောချင်တာကတော့*</u>– တက္ကသိုလ်ကျောင်းသားများ အားလုံးရဲ့ ကျောင်းသားခေါင်းဆောင်ဟာ ကျနော်တို့ချင်းလူမျိုးတယောက်ဖြစ်နေတဲ့အတွက် ကျနော်အထူးပဲဂုဏ်ယူပါတယ်။ ဆလိုင်းတင်မောင်ဦးက ရဲရင့်တယ်။ ပြတ်သားတယ်။ အနစ်နာခံတယ်။ ခေါင်းဆောင်မှုနဲ့တာဝန်ယူမှု အပြည့်အဝရှိတဲ့ ခေါင်းဆောင်ကောင်း တယောက်ဖြစ်တယ်။ အင်မတန်မှ လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်တယ်ဆိုတာ ကျနော်လုံးဝအသိ အမှတ်ပြုတယ်။ ဆလိုင်းတင်မောင်ဦးဟာ ချင်းလူမျိုးဖြစ်လို့၊ တိုင်းရင်းသားဖြစ်လို့ ဒီကောင်တွေက ရက်ရက်စက်စက် သတ်တယ်လို့ ကျနော်ခံစားရတယ်။ သူ အသတ်ခံရမှုအပေါ် မှာ– စစ်အစိုးရအပေါ်မှာ အင်မတန်မှ ကျနော်နာကျည်းတယ်။ တခြား ဗမာလှုပ်ရှားသူများဆိုရင်တော့ အသတ်ခံရမှာ မဟုတ်ဘူး။ နောက်ပြီးသူဟာ အခုခေတ်နဲ့ဆိုရင် မင်းကိုနိုင်၊ ကိုကိုကြီးတို့ထက် အဆပေါင်းများစွာ သတ္တိရှိတယ်။ ကျောင်းသားများအားလုံးရဲ့ တကယ်လေးစားထိုက်တဲ့ ခေါင်းဆောင်ကောင်း တဦးဖြစ်တယ်။

www.chinland.info

*“နောင်အနာဂတ်မှာ အထိမ်းအမှတ်ကျောက်တိုင်တခုရယ်၊ ဆလိုင်းတင်မောင်ဦးနေ့ရယ် သတ်သတ်မှတ်မှတ်ရှိဖို့ကတော့ ကျနော့်ရဲ့ပြင်းပြတဲ့ ဆန္ဒတခုပါ”*

## ဆလိုင်းတင်မောင်ဦးအမှတ်တရ ဆောင်းပါးရေးသားခဲ့သူ– **Salai Kipp Kho Lian**



*(ဆလိုင်းကစ်(ပ်)ခိုလျန်သည် ရန်ကုန်စက်မှုတက္ကသိုလ်တွင် ဗိသုကာပညာကို သင်ယူခဲ့သည့် ကျောင်းသားဟောင်း တဦးဖြစ်ပြီး၊ သူ၏ တက္ကသိုလ်ကျောင်းသားဘဝ ၁၉၇၀ ခုနှစ်များတွင် တော်လှန်ရေးကောင်စီဥက္ကဌ ဗိုလ်ချုပ် နေဝင်းထံသို့ ထိုစဉ်က ချင်းဝိသေသတိုင်းကို ပြည်နယ်အဖြစ်သတ်မှတ်ရေး၊ တိုင်းပြည်၏ အခြေခံဥပဒေတွင် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကိုပြဌာန်းရေးကို တောင်းဆိုသည့် “ချင်းလူငယ်များ၏ အကြံပေးတင်ပြချက်”ကို လက်မှတ်ရေးထိုးပါဝင်ခဲ့သူတဦးဖြစ်သဖြင့် အင်းစိန်ထောင်တွင် (၁၃) လကြာ အထိန်းသိမ်းခံခဲ့ရသည်။ ၁၉၇၄ ဦးသန့်အရေး အခင်းတွင် ပါဝင်သဖြင့် ထပ်မံအဖမ်းခံရပြီး၊ တဖန် ၁၉၇၆ မှိုင်း ရာပြည့် အရေးအခင်းဖြစ်မြောက်ရေးအတွက် တက်ကြွစွာပါဝင်လှုပ်ရှားသဖြင့် တက္ကသိုလ်မှ ရာသက်ပန်အထုတ်ခံ ခဲ့ရသည်။ယခုအခါတွင် ဂျာမနီနိုင်ငံတွင် နေထိုင်လျက်ရှိပြီး **Chin Forum** တွင် **Co-ordinator** အဖြစ် တာဝန်ယူထမ်းဆောင်လျက်ရှိသည်။ ဆလိုင်းတင်မောင်ဦး ကွယ်လွန်ခြင်း (၃၀)နှစ် မြောက် အထိမ်းအမှတ်အဖြစ် ၂၀၀၆ ခုနှစ်တွင် “ဆလိုင်းတင်မောင်ဦး– ခွတ်ဒေါင်းတို့နှင့်အတူ အတောင်ပံခတ်ခဲ့တဲ့ အမြင့်ပျံ အောက်ချင်းငှက်” ဟူသော ဆောင်းပါးကို ရေးသားခဲ့သည်။ အဆိုပါဆောင်းပါးအား ဖတ်ရှုလိုပါက –*
[http://www.chinforum.org/cffiles/tmo_bur.pdf](http://www.chinforum.org/cffiles/tmo_bur.pdf) *တွင် သွားရောက် ဖတ်ရှု နိုင်ပါသည်။)*

*ဆလိုင်းတင်မောင်ဦးနဲ့ ပတ်သက်ပြီး ဆလိုင်းကစ်(ပ်)ရေးသားတဲ့ အမှတ်တရဆောင်းပါးကို ကျနော်တို့ စိတ်ဝင်တစားဖတ်ရှုခွင့်ရရှိခဲ့ ပြီး၊ ကျနော်တို့ မျိုးဆက်သစ်များအနေနဲ့လည်း သူ့အကြောင်းကို ပိုမိုသိရှိလာကာ– စိတ်လှုပ်ရှားခဲ့ကြသည်။ ဆောင်းပါးရေးဖြစ်ခဲ့ရ ခြင်းနှင့် စေ့ဆော်မှုများကို သိပါရစေ–*

၂၀၀၆ ဇွန်လ (၂၆) မှာ အဲဒီဆောင်းပါးကို အင်တာနက်မှာ တင်ပို့ထုတ်လွှင့်ခဲ့တယ်။ အဲဒီမတိုင်ခင်လေး– ဇွန်လ (၁၉) ရက် နေ့မှာ ဆရာကြီးဆလိုင်းထွန်းသန်းက သူဟာ အမေရိကန်ကနေ ဗမာပြည်ကိုပြန်မယ်၊ စစ်အစိုးရက သူ့ကိုသတ်ချင်လဲ သတ်ပါ၊ လေဆိပ်ကနေ ရန်ကုန်မြို့ထဲအထိလမ်းလျှောက်ဆန္ဒပြမယ်၊ ဘယ်သူမဆို သူနဲ့အတူပါဝင်လမ်းလျှောက်ဆန္ဒပြနိုင် တယ်ဆိုပြီး ကမ္ဘာသိကြေငြာလိုက်တယ်။ ဇွန်လ (၁၉) ရက်နေ့မတိုင်ခင်မှာပဲ ဘယ်နေ့လဲတော့ မမှတ်မိတော့ဘူး။ ဆရာကြီး ဆလိုင်းထွန်းသန်းကို ထောက်ခံအားပေးတဲ့ အနေနဲ့ ဆောင်းပါးတိုလေးတခုရေးပြီးတော့ အင်တာနက်မှာ လွှင့်လိုက်တယ်။ ခေါင်းစဉ်ကတော့ “A Legacy and A new Battle Cry” ဖြစ်တယ်။ အဓိပ္ပါယ်ကတော့ “သမိုင်းအမွေအနှစ်တခုနဲ့ တိုက်ပွဲခေါ်သံအသစ်” ဖြစ်တယ်။ “သမိုင်းအမွေ”အနှစ်ဆိုတာကတော့– ကျောင်းသားအာဇာနည် ဆလိုင်းတင်မောင်ဦး ကို တင်စားခေါ်လိုက်တာဖြစ်တယ်။ နောက် “တိုက်ပွဲခေါ်သံအသစ်”ဆိုတာကတော့ ဆရာကြီးဆလိုင်းထွန်းသန်းကို တင် စားထားတာဖြစ်တယ်။ အဲဒီဟာကို ရေးရင်းနဲ့ ဆလိုင်းတင်မောင်ဦး အသတ်ခံရတာ အနှစ် (၃၀) ပြည့်ဖြစ်တဲ့အကြောင်း အဲဒီမှာဖော်ပြထားတယ်။ အခုမှာတော့ ဆရာကြီးဆလိုင်းထွန်းသန်းကတိုက်ပွဲခေါ်သံအသစ်နဲ့ ဆက်လက် ပြီးတိုက်ပွဲဝင်နေ ပြီဖြစ်တဲ့အကြောင်းပေ့ါလေ။ တိုတိုတုတ်တုတ်လေးပါပဲ။ အဲဒါကိုရေးပြီးတဲ့နောက်ပိုင်း၊ အင်တာနက်မှာဖြန့်ပြီးတဲ့ နောက်ပိုင်း မေးခွန်းထဲမှာပါသလို စေ့စော်မှုတခုဖြစ်လာတာပေ့ါလေ။ ဆလိုင်းတင်မောင်ဦးအကြောင်းကို ရေးချင်တဲ့ဆန္ဒတွေဖြစ် လာ တယ်။ ဘာဖြစ်လို့လည်းဆိုတော့– ပြန်စဉ်းစားကြည့်လိုက်တော့– ကျနော့်အနေနဲ့က သေတွင်းနှုတ်ခမ်းကို အကြိမ်ကြိမ်နင်း ခဲ့ပေမယ့် အသက်မသေပဲနဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ယနေ့အထိ ရှင်သန်နေသေးတယ်။ အသက်စတေးသွား ရတဲ့ ဆလိုင်းတင်မောင်ဦးကိုတော့– ဂုဏ်ပြုအလေးပြုတဲ့အနေနဲ့ ဆောင်းပါးတပုဒ်ရေးသင့်တယ်ဆိုပြီး အတော်ကို ပြင်းပြင်း ပျပျ စေ့စော်မှုရှိလာတယ်။ အချိန်တိုအတွင်းမှာ– အချိန်နဲ့အာရုံတွေ အများကြီး မြှုပ်နှံပြီး ရေးလိုက်တယ်။ မိုင်ပိုပိုတို့နဲ့က လည်း အဆက်အသွယ်တွေ မရသေးတဲ့အခါကြတော့– ရသလောက် သတင်းအချက်အလက်တွေနဲ့၊ မှတ်မိသလောက်တွေ နဲ့၊ ပြီးတော့ ကိုယ့်ရဲ့ကျောင်းနေဖက်သူငယ်ချင်းတွေကို မေးနိုင်သလောက် မေးမြန်းပြီးရေးခဲ့တယ်။ ဒါပေမယ့် အဲဒီမှာ အမှား အယွင်းလေးတွေလည်း နည်းနည်းပါးပါး ပါတာပေ့ါ။ ဒီနှစ် ၂၀၁၀ ဖေဖော်ဝါရီလကျမှပဲ အဲဒီဆောင်းပါးကို ထပ်ပြီးတော့ အသစ်တဖန်ပြန်လည်တည်းဖြတ်နိုင်တာပေ့ါလေ။ နှစ်ပေါင်း (၃၀) ကြာသွားတဲ့ဟာကို သတိရလိုက်တာနဲ့ မရေးလို့မရတော့ ဘူး၊ ငါ့မှာတာဝန်ရှိတယ်ဆိုတဲ့ ခံစားချက်ပေါ်လာလို့ ပြည်သူတွေ မေ့လောက်ပြီ၊ မျိုးဆက်သစ်တွေလည်း မေ့လောက်ပြီ၊ ဒါကြောင့် ပြန်လည်ဖော်ထုတ်ပေးရမယ် ဆိုတဲ့ အသိတရားနဲ့ စေ့ဆော်မှုဝင်လာ တာနဲ့ ရေးဖြစ်သွားတာပါ။

*ဆလိုင်းတင်မောင်ဦး၏ လက်တွဲဖော်ရဲဘော်ရဲဘက်သူငယ်ချင်းများ၏ ပြောပြချက်များမှ– ဆလိုင်းတင်မောင်ဦး၏ ထူးခြားချက်များ–*

သိသလောက်တော့– သူက အတော်စိတ်ဓါတ်ပြင်းပြတယ်။ ပြီးတော့ စစ်အစိုးရကို အပြီးအပိုင်ကို ဖြိုချချင်တယ်။ အဲဒါက အတော်ကို ပြင်းပြတယ်။ အဲဒါကတော့ သေချာပေါက်ပဲ။ အင်မတန်မှလည်း သတ္တိရှိတယ်။ အဲဒီအတွက်လည်း သူပေး ဆပ်ရဲတယ်။ “ဆလိုင်း ပီသတယ်”။ သေဖို့လည်း မကြောက်ဘူး။ သူဒီလောက်အထိပြင်းပြရတဲ့အကြောင်းရင်းက– စစ်အစိုးရရဲ့ အလုပ်သမားတွေ၊ ကျောင်းသားတွေ၊ ပြည်သူတွေကို အင်မတန်မှ ရက်ရက်စက်စက် သတ်ဖြတ်နေတာတွေကို

www.chinworld.info

သူကိုယ်တိုင်လည်း သိမြင်နေတယ် ဆိုတဲ့ အခါကြတော့– ဒီစစ်အစိုးရကတော့ ဒီအတိုင်းထားလို့မရတော့ဘူးဆိုပြီး ပြင်းပြတဲ့အသိစိတ်နဲ့ နိုင်ငံရေးအသိစိတ်ဓါတ်တွေ ဝင်လာတယ်၊ အရေးကြီးတဲ့အပိုင်းကလည်း ဘာလဲဆိုတော့– စစ်အစိုးရကို ဖြိုချဖို့အတွက်– စည်းလုံးညီညွတ်ရေးဆိုတာ နံပါတ် (၁) အရေးကြီးတယ်ဆိုတာ သူသိတယ်။ ဒါကြောင့်လည်း ခစယ အတွင်းရေးမှူးအနေနဲ့ ချင်းကျောင်းသားတွေထဲမှာ စည်းလုံးအောင် သူလုပ်ပေးခဲ့တယ်။ အဲဒါတင်မကဘူး။ တက္ကသိုလ်ကျောင်းသားတွေကို စုစည်းပေးနိုင်ခဲ့တယ်။ ဒါတွေက သူ့ရဲ့ထူးခြားချက်၊ ထူးခြားတဲ့ အရည်အချင်းတွေပေ့ါနော်။ သူ့အနေနဲ့ အာဏာရှင်စနစ်ကြီးကို မဖြစ်မနေ ဖြိုချဖျက်ဆီးချင်တာနဲ့ စည်းလုံးညီညွတ်ရေးကို အရယူပေးနိုင်တာက ထူးခြားတဲ့ အချက်တွေလို့ ကျနော်ပြောချင်တယ်။

*<u>ဆလိုင်းတင်မောင်ဦးကြိုးပေးအသတ်ခံရပြီးနောက် ချင်းကျောင်းသားများအပေါ် ရိုက်ခတ်မှုနှင့်ပတ်သက်၍–</u>*

ချင်းကျောင်းသားတင်မကပဲ ကျောင်းသားအားလုံးလိုလိုကို ရိုတ်ခတ်ခဲ့တာပါ။ အတော်လေး ဟိုလေးတကြော်ဖြစ်ခဲ့တယ်။ "ဆလိုင်း တင်မောင်ဦးနဲ့ မိုင်ပိုပို" ဆိုတာကတော့– အဲဒီတုန်းက ကျောင်းသားတိုင်းရဲ့ ပါးစပ်ဖျားမှာ ပြောနေကြတဲ့ဟာပေ့ါ။ ချင်းကျောင်းသား တွေထဲမှာတော့– သူ့ကို ကြိုးပေးသတ်ဖြတ်ခံရပြီးနောက်မှာ– "ဆလိုင်း/မိုင် Movement" ဟာ အားကောင်းလာတယ်။ "ဆလိုင်း/ မိုင် Movement " က စတာကတော့ အဲဒီမတိုင်ခင်ကတည်းက စတာပဲ။ သူ့ကို ကြိုးပေးသတ်ဖြတ်ပြီးတဲ့နောက်မှာတော့– "ဆလိုင်း /မိုင် Movement "က ပိုပြီးတော့အရှိန်ကောင်းလာတယ်။ ပြီးတော့ သူနဲ့ မိုင်ပိုပိုတို့မောင်နှမကို ဂုဏ်ပြုတဲ့အနေနဲ့လည်း "ဆလိုင်းတွေ ၊ မိုင်တွေ" ပိုပြီးတော့ အသုံးပြုလာကြတယ်။ စပြီးတော့ ဖြစ်လာတာကတော့ ဆလိုင်းတင်မောင်ဦးနဲ့တော့ ဘာမှ မပတ်သက်ဘူး။ အမှန်ကတော့– ချင်းကျောင်းသားများ အကြားမှာ– "ဆလိုင်း/မိုင် Movement " ဖြစ်လာရတာကတော့ ချင်းအားလုံးက အချင်းချင်းရော၊ တခြားလူတွေကပါ နာမည်ကြားတာနဲ့ ချင်းလူမျိုးဖြစ်ကြောင်း အလွယ်တကူသိနိုင်အောင် ရှမ်းတွေက စိုင်းနဲ့နန်း၊ ကရင်တွေက စောနဲ့နော် တတ်သလို ဘုံတခုဖြစ်အောင်ဆိုပြီး လုပ်ခဲ့ကြတာပဲ။ ဒါတွေက ကျနော်ထောင်ကျနေတဲ့ကာလ ၁၉၇၃ လောက်မှာ စတာ ဖြစ်တယ်။ ဆလိုင်းတင်မောင်ဦး အသတ်ခံရပြီးတဲ့နောက်မှာတော့ အသုံးပြုဖို့ ပိုမို ပြင်းပြလာကြတယ်။ ပေါ်ပေါ်တင်တင်ကြီးတော့– သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ အသုံးပြုရအောင်ဆိုပြီးတော့ စည်းရုံးလို့တော့ မရဘူးပေ့ါ။ အဲဒီလို စည်းရုံးရင် တချို့လည်း ကြောက်လန့်ပြီး သုံးရဲချင်မှ သုံးရဲမယ်။ ဒါပေမယ့် တချို့ကလည်း ခြိမ်းခြောက်တာတွေ ရှိတာပေ့ါ။ ဆလိုင်း/မိုင် ကို သုံးတာကို နားမလည်နိုင်ကြသူ တချို့က *"ဒါက ဆလိုင်းတင်မောင်ဦးကို ဂုဏ်ပြုတဲ့အနေနဲ့ သုံးကြတာပဲ၊ မင်းတို့ကို ထောက်လှမ်းရေးက ဖမ်းလိမ့်မယ်"* ဆိုပြီး ခြိမ်း ခြောက်ကြတာမျိုးတွေလည်း ရှိတယ်။ ဒါပေမယ့် အဲဒီလိုပြောလိုက်ရင် ကြောက်ကုန်ပြီး မသုံးရဲပဲ နေကြမယ်လို့ထင်ပြီး အဲဒီလို ပြောလိုက်ခါမှ ထင်ထားတာနဲ့ ဆန့်ကျင်ပြီး "ဟာ– ဒီလိုမှန်းမသိလို့ မသုံးခဲ့တာ၊ ဒီလိုဆိုရင်တော့ သုံးမှာပေ့ါ" ဆိုပြီး အဲဒီအခါကျမှ ထသုံး တဲ့သူတွေလည်း ရှိတယ်။ သူ့ရဲ့ ရိုတ်ခက်မှုကတော့ ဆလိုင်း/မိုင် လှုပ်ရှားမှုမှာ ပိုမိုအားကောင်းလာတယ်။ အဲဒါကတော့ ဆလိုင်း တင်မောင်ဦး အသက်စတေးခဲ့ပြီး ချင်းကျောင်းသားတွေထဲမှာ– ထင်ထင်ရှားရှား ရိုတ်ခတ်မှုတခုပါ။

*<u>ဆလိုင်းတင်မောင်ဦး ကြိုးပေးအသတ်ခံရခြင်း (၃၄) နှစ်ပြည့် နေ့နှင့် ပတ်သက်၍–</u>*

အခုလိုမျိုး **CHIN WORLD** ဝိုင်းတော်သားများက ကမကထလုပ်ပြီးတော့– သူနဲ့ပတ်သက်ခဲ့ဖူးတဲ့လူတွေကို မေးမြန်းတာတွေ၊ အင်တာဗျူးလုပ်တာတွေ သိရတော့ ဝမ်းသာစရာကောင်းတယ်။ ကျနော်ကတော့ သူနဲ့ ကိုယ်ထိလက်ရောက်တော့ မတွေ့ဖူးဘူး။စကားလည်းမပြောဖူးဘူး၊ ကျနော့်ဆောင်းပါးထဲမှာလည်း ဒီအတိုင်းဖော်ပြထားတယ်။ သို့သော်လည်း အရေးကြီးတဲ့အချက်တခု ကျနော့် စိတ်ထဲမှာရှိတာက– တခြားကျောင်းသားတွေလည်း အများကြီး ကျဆုံးခဲ့ရတယ်ဆိုတာ မှန်တယ်။ သို့သော်လည်း သူက ထူးထူးခြားခြား ပထမဆုံး ကြိုးပေးအသတ်ခံရတာဖြစ်တယ်။ ဒါကလည်း ဗမာပြည်သမိုင်းမှာတင်မဟုတ်ပဲ ကမ္ဘာ့သမိုင်းမှာတောင် ကျောင်းသား ခေါင်းဆောင်တယောက် ပထမဆုံး ကြိုးပေးအသတ်ခံရတာဖြစ်တယ်။ အဲဒီထူးခြားမှုနဲ့ သူ့ရဲ့ ထူးခြားတဲ့ သတ္တိရယ်၊ နောက်သူ့ရဲ့ မဆုတ်မနစ်စစ်အစိုးရကို တော်လှန်ခဲ့မှုနဲ့ နောက်ဆုံးကြိုးစင်မှာ ကြိုးဝါးသွားတဲ့အထိ၊ နောက်ဆုံးအချိန်အထိ တော်လှန်သွားတာ ဖြစ်တယ်။ သူဟာ ထူးခြားတဲ့ ပုဂ္ဂိုလ်တဦးဖြစ်တယ်။ ထူးခြားတဲ့ ကျောင်းသားအာဇာနည်တဦးဖြစ်တယ်။ တချိန်တခါမှာတောင် မဟုတ်ပဲ– ဖြစ်နိုင်ရင် အခုတောင် ကျနော်တို့ လုပ်ရမယ့်ဟာလို့ ကျနော်တိုက်တွန်းချင်တာက– "ဆလိုင်းတင်မောင်ဦးနေ့" ဆိုပြီး နေ့ထူး နေ့မြတ်အနေနဲ့ သတ်မှတ်သင့်တယ်။ ဒီမိုကရေစီရမှရယ်လို့ မဟုတ်ဘူး။ အခုအချိန်မှာရှိတဲ့ အဖွဲ့အစည်းတွေက သဘောတူလို့ရှိရင်– ဇွန်လ (၂၆) ရက်နေ့ကို "ဆလိုင်းတင်မောင်ဦးနေ့" အဖြစ်သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်းကျင်းပသွားဖို့ သင့်တော်တယ်လို့ ကျနော်ထင်တယ်။ နောက် ဒီမိုကရေစီရတဲ့အခါကြရင်တော့– သူ့အတွက် ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာ ကျောက်တိုင်တခုတော့ ထားသင့်တယ်လို့ ကျနော်ထင်တယ်။ နောင်အနာဂတ်မှာ သူ့အတွက် အထိမ်းအမှတ်ကျောက်တိုင်တခုရယ်၊ ဆလိုင်း တင်မောင်ဦးနေ့ ဆိုတာရယ် သတ်သတ်မှတ်မှတ်ရှိဖို့ကတော့ ကျနော့်ရဲ့ပြင်းပြတဲ့ ဆန္ဒတခုပါ။

*“သူ့လိုမျိုးစွန့်စားရဲ၊ လုပ်ရဲတဲ့လူမျိုး၊ ကိုယ်ကျိုးစွန့် အနစ်နာခံလုပ်နိုင်တဲ့လူမျိုးတွေ ကျနော်တို့တိုင်းပြည်အတွက် များများလိုတာပေါ့ဗျာ”*

## ဖြတ်ခနဲတွေ့လိုက်ရသော ဆလိုင်းတင်မောင်ဦး၏ ရုပ်ပုံလွှာ............. Dr. Salai Pa Cin



*(ဒေါက်တာဆလိုင်းပါကျင်သည် ဆရာဝန်တဦးဖြစ်ပြီး၊ ချင်းအမျိုးသားတပ်ဦး (CNF) ကိုယ်စားလှယ်အဖြစ်– Democratic Alliance of Burma (DAB) တွင် တာဝန်ထမ်းဆောင်ခဲ့သူ တဦး ဖြစ်သည်။ ထို့ပြင်– National Health and Education Committee (NHEC) တွင်လည်း ပါဝင် လှုပ်ရှားခဲ့သူဖြစ်သည်။ ယခုအခါတွင် ဩစတေးလျနိုင်ငံ၌ နေထိုင်လျက် ရှိသည်။)*

ကျနော်တို့နှစ်ယောက် ပထမဆုံးတွေ့ခဲ့တဲ့နေ့က ရန်ကုန်တက္ကသိုလ်အရှိချင်းကျောင်းသူကျောင်းသားမိတ်ဆုံပွဲတခုမှာ ဖြစ်မယ်ထင်တယ်။ တက္ကသိုလ်အားကစားရုံကြီးထဲကအခန်းတခန်းမှာဖြစ်မယ်ထင်ပါတယ်။ ၁၉၆၉ ခုနှစ်ဝန်းကျင် လောက်မှာထင်တယ်။

ကျနော်တို့နှစ်ယောက်က မိဘချင်းသိထားကြပြီးသား လူတွေဆိုတော့၊ တွေ့ပြီးနောက်တယောက်ကို တယောက် မိတ်ဆွေရင်းတွေလို ခင်မင်သွားကြတာပါဘဲ။ သူ့ဖခင်ဖြစ်သူ ဦးလေးလှဒင်ကအဖေနဲ့၊ တနေ့တည်းအတူတူ စစ်တပ်ထဲ ဝင်ခဲ့ကြတဲ့သူတွေ ဖြစ်ပါတယ်။ သူကကျနော့ကို သူ့အိမ်အလည်လိုက်ဖို့ပြောတာနဲ့ ကျနော်လည်းလိုက်သွားခဲ့ဘူးပါတယ်။ ထမင်းတောင် အတူ စားကြသေးတယ် ထင်တယ်။ ကောင်းကောင်းမမှတ်မိဘူး။

အဲဒီတုန်းက သုံးသပ်မိတာကတော့၊ သူဟာတခြားလူတွေလို မဟုတ်ဘဲ၊ ကိုယ့်ကိုကိုယ် ယုံကြည်ချက်အပြည့်ရှိတဲ့ လူတယောက်၊ လက်ရှိ ဘဝကိုလေးလေးနက်နက်ထားပြီး၊ စဉ်းစားအလုပ်လုပ်တတ်၊ ပြောဆိုတတ်တဲ့လူလို့တော့ အကဲခတ်မိပါတယ်။ ဆိုလိုတာက၊ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားဆိုတဲ့ လူမျိုးမဟုတ်ဘူးဆိုတာပါ။နောက်ပြီးသူဟာ နိုင်ငံရေးကို စိတ်ဝင်စား၊ လေ့လာနေတယ်ဆိုတာလဲ၊အကဲခတ်မိတယ်။

ကျနော်က ကိုဆလိုင်းတင်မောင်ဦးကို ပထမတကြိမ်ဆုံဖြစ်ကြပြီးတဲ့နောက်မှာ ၂ – ၃ ကြိမ်လောက်ဘဲ၊ တွေ့ဖြစ်ကြတယ် ထင်ပါတယ်။ တွေ့ကြရင်လဲ၊ ခုနကပြောတဲ့အရှိချင်းကျောင်းသူကျောင်းသားမိတ်ဆက်ပွဲ၊ ဆုံပွဲတွေမှာဘဲဖြစ်ပါ တယ်။

အဲသူ့ကိုနောက်ဆုံးလို့ပြောရလောက်အောင် တွေ့လိုက်ရတဲ့ အကြိမ် ၂ ကြိမ်တော့ရှိပါတယ်။ ပထမတကြိမ်က ဦးသန့် ရုပ်အလောင်းကို ကျိုက္ကဆံကွင်းကနေတက္ကသိုလ်ဝင်းထဲအထိအရောက်သယ်ခဲ့တုန်းက၊ ရုပ်အလောင်း သယ်သွားတဲ့ ဟီးနိုးကားပေါ်မှာတွေ့လိုက်ရတာ ရယ်၊ ဒီဇင်ဘာ ၅ (သို့) ၆ ရက်နေ့မနက်အစောကြီးမှာ၊ ဘွဲ့နှင်းသဘင် ခန်းမထဲကနေ အဓိပတိလမ်းမကြီးဘက်ထွက်တဲ့အပေါက်ဘက် ကို သူလျှောက်လာတာကို နောက်ဆုံးတွေ့လိုက်ရတာပါဘဲ။

သူကွယ်လွန်ခြင်း (၃၄) နှစ်ပြည့်နေ့မှာ ကျနော့်အနေနဲ့ ပြောချင်တာက– သူ့လိုမျိုးစွန့်စားရဲ၊ လုပ်ရဲတဲ့လူမျိုး၊ ကိုယ်ကျိုးစွန့် အနစ်နာခံ လုပ်နိုင်တဲ့ လူမျိုးတွေ ကျနော်တို့တိုင်းပြည်အတွက် များများလိုတာပေါ့ဗျာ။

www.chinworld.info

*****************

*ကျမဟာ ကျန်ခဲ့တဲ့ မောင်နှမအားလုံးရဲ့ ဆုံးဖြတ်ချက်နဲ့ ဆလိုင်းတင်မောင်ဦးမပါဝင်လိုက်ရတဲ့ မိုင်းရာပြည့်အရေးအခင်းဖြစ်မြောက်ရေးအတွက် အခြားကျောင်းသားများနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့..........*

*"ဒီနေရာ ကျောင်းဆောင်တွေဟာ ကျမတို့နောင်တော်ကျောင်းသားတွေ ခေတ်အဆက်ဆက် ဖောက်ပြန်တဲ့အစိုးရတွေကို သတ္တိရှိရှိတော်လှန်တဲ့ သမိုင်းဝင်နေရာဖြစ်တယ်၊ ဒီနေ့ကျမတို့ မိုင်းရာပြည့်ချီတက်ပွဲကို ဆင်နွှဲကြမယ်။"*

ညီမဖြစ်သူ **မိုင်ပိုပို** ချယ်မှုန်းသော ...... **ဆလိုင်းတင်မောင်ဦး**၏ ဘဝကြေးမုံပုံရိပ်



*(မိုင်ပိုပို (ခ) မလှမြိုင်သည် ဆလိုင်းတင်မောင်ဦး၏ ညီမအရင်းဖြစ်ပြီး၊ မိုင်းရာပြည့်အရေးအခင်းမဖြစ်ပွားမီတရက် အလိုတွင် အကိုဖြစ်သူ ဆလိုင်းတင်မောင်ဦး စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးခံရခြင်းကို မြန်မာ့အသံရေဒီယိုမှ ကြားသိရသည့်အခါ– အကိုမရှိတော့သည့်အတွက် အရေးအခင်း ပျက်စီးသွားမည်ကို မကြည့်ရက်ကာ– မောင်ဖြစ်သူ ဆလိုင်းလှရွှေနှင့်အတူ– အကိုဖြစ်သူ ကိုယ်စား ဆက်လက်တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။ ထိုစဉ်က သူမသည် အထက်တန်းကျောင်းသူ တဦးမျှသာ ဖြစ်သေးသည်။ ထို့သို့ပါဝင်ဦးဆောင်ခဲ့မှုကြောင့် မဆလစစ်အစိုးရမှ ရာသက်ပန်ကျောင်းထုတ်ပြီး မောင်ဖြစ်သူ ဆလိုင်းလှရွှေနှင့်အတူ ထောင်ဒဏ် (၉) နှစ် နှင့် (၇) နှစ် ကျခံခဲ့ရ သည်။ ယခုအခါတွင် ကနေဒါနိုင်ငံ၌ နေထိုင်လျက်ရှိသည်။)*

*ညီ၊ ညီမများအတွက် အကိုကြီးအဖရာ*

သူဟာ "အကိုကြီး–အဖအရာ"ဆိုသလိုဘဲ ညီငယ်ညီမငယ်တွေကို ကျောင်းစာများကူညီပြသပေးခဲ့သလို၊ သူ့ရဲ့ နိုင်ငံရေးအတွေးအခေါ် တွေကိုလည်း အမြဲဝေငှပြောပြခဲ့တယ်။ သူပြောပြခဲ့တဲ့ သူ့ရဲ့ အတွေးအခေါ်တွေထဲမှာ– မှတ်မှတ်ရရ ပြောချင်တာလေးတခုကတော့– လူတိုင်းဟာ မိမိရဲ့မိသားစုကို ချစ်ကြတယ်။ လူတွေမဆိုထားနဲ့ ကြက်ကလေးတွေ၊ ငှက်ကလေးတွေတောင် မိမိမိသားစုကို ချစ်တတ်ကြတယ်။ မိမိရဲ့ ကလေးတွေကိုချစ်တတ်ကြတယ်။ အစာရှာဖွေကျွေးမွေးတတ်ကြတယ်။ ဒီတော့ လူဆိုရင် မိမိမိသားစုကို ကျော်လွန်ပြီး၊ မိမိပတ်ဝန်းကျင်ကို ချစ်တတ်ရမယ်။ မိမိပတ်ဝန်းကျင်ကို ကျော်လွန်ပြီး မိမိတိုင်းပြည်နဲ့ လူမျိုးကို ချစ်တတ်ရမယ်။ မိမိပတ်ဝန်းကျင်၊ မိမိ တိုင်းပြည်မှာ ကြုံတွေ့နေရတဲ့ မတရားမှုတွေ၊ ရက်စက်မှုတွေ၊ ဒုက္ခအခက်အခဲပြဿနာတွေကို ပြင်တတ်ရမယ်။ ဖြေရှင်းတတ်ရမယ်။ တွန်းလှန်ကာကွယ်တတ်ရမယ်ဆိုတဲ့ သူ့ရဲ့အတွေးအခေါ်နဲ့ ခံယူချက်ကို ပြောပြခဲ့ဖူးတယ်။

*၁၉၆၂ ဇွန်ကျောင်းသားအရေးအခင်းနှင့် (၁၁) နှစ်အရွယ် ဆလိုင်းတင်မောင်ဦး*

စစ်အာဏာရှင်စနစ်ဟာ ၁၉၆၂ ခုနှစ်မှာ အာဏာရလာတဲ့အခါ ပထမဆုံးကျောင်းသားထုကို စိန်ခေါ်ခဲ့တယ်။ ကျောင်းသားသမဂ္ဂကို ရက်စက်စွာ မိုင်းနဲ့ဖြိုခွဲခဲ့တယ်။ ကျောင်းသားတွေဟာ ခွပ်ဒေါင်းအလံအောက်မှာ ကျောင်းသားသမဂ္ဂကို ရင်မှာပိုက်ပြီး အသက်ပေးခဲ့ ကြတယ်။ အဲဒီအချိန်မှာ ဆလိုင်းတင်မောင်ဦးဟာ အသက် (၁၁) နှစ်လောက်ဘဲ ရှိဦးမယ်။ ဒီအဖြစ်အပျက်က သူ့ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်းခံစားခဲ့ရတယ်။ တဖြည်းဖြည်းနဲ့ သူဟာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားဘဝကနေ တက္ကသိုလ်ကျောင်းသားဘဝကို ရောက်ရှိလာခဲ့တယ်။ ဒီအဖြစ်အပျက်ကို မကြာခဏဆိုသလို ညီအကို မောင်နှမတွေကို ပြောပြလေ့ရှိတယ်။ ပြောပြတဲ့ အခါတိုင်းမှာလည်း သူ့ရဲ့ မျက်နှာပေါ်မှာ ကြေကွဲမှုများနဲ့အတူ မခံချင်စိတ်များကို တွေ့ရှိရတယ်။ ဒီအချက်ဟာ သူ့ရဲ့ စစ်အာဏာရှင် စနစ် ဆန့်ကျင်မှုကြီးထဲ ပါလာရတဲ့ အချက်တွေထဲကတချက်ဖြစ်ပါတယ်။ နောက်ပြီး– သူဟာနိုင်ငံရေးနဲ့ပတ်သက်ပြီး စိတ်ပါဝင်စားလာရတဲ့အဓိကအချက်၊ တနည်းဆိုရရင် နိုင်ငံရေးလောကထဲကို တွန်းပို့ခံလိုက်ရတဲ့အချက်ကတော့– တဖက်မှာဆင်းရဲပြီး ဒုက္ခတွေခံစားနေရတဲ့ ပြည်သူလူထုနဲ့ အခြားတဖက်မှာ– အာဏာကို အလွဲသုံးစားပြုကာ လူ့အခွင့်အရေးချိုးဖောက်ပြီး ပြည်သူလူထုကို လက်နက်နဲ့ အနိုင်ယူနေတဲ့ စစ်အာဏာရှင်စနစ်ဆိုးကြောင့် ဖြစ်ပါတယ်။

*၁၉၇၄ အလုပ်သမားအရေးအခင်းနှင့် ဆလိုင်းတင်မောင်ဦး*

၁၉၇၄ ခုနှစ်၊ ဇွန်လထဲမှာ– မန္တလေးမြို့ မြစ်ငယ်မီးရထား စက်ခေါင်းရုံက စတင်ဖြစ်ပေါ်ခဲ့တဲ့ အထွေထွေအလုပ်သမားသပိတ်ကြီးဟာ မြန်မာတပြည်လုံးကို ပျံ့နှံ့သွားခဲ့ပါတယ်။ မြစ်ငယ်မှစတင်ပြီး ချောက်၊ ရေနံချောင်း၊ စစ်ကိုင်း၊ ရန်ကုန်၊ သံလျင်စသည်ဖြင့် တပြည်လုံးရှိ စက်ရုံပေါင်း (၁၂၈) ခုပါဝင်ခဲ့သည့် သပိတ်ကြီးကို မဆလစစ်အစိုးရက ရက်စက်စွာ အကြမ်းဖက်နှိမ်နင်းခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ရန်ကုန် သမိုင်း ချည်မျှင်နှင့်အထည်စက်ရုံ၊ ဆင်မလိုက် သင်္ဘောကျင်းက အလုပ်သမားအမြောက်အများ သေကြေဒဏ်ရာရခဲ့ကြတယ်။ ၁၉၇၄ ခုနှစ် ဇွန်လ (၆) ရက်နေ့ဖြစ်တယ်။

ကျောင်းသားခေါင်းဆောင်ဆလိုင်းတင်မောင်ဦးဟာ သူ၏သူငယ်ချင်းတချို့နှင့်အတူတက္ကသိုလ်ဘော်ဒါဆောင်နေကျောင်းသား အချို့ကိုစည်းရုံးပြီး ရန်ကုန်အင်းစိန်လမ်းမကြီးတလျောက်ရှိ သမိုင်း ချည်မျှင်နှင့်အထည်စက်ရုံ၊ အုတ်ကျင်းကုန်းနီ

www.chinland.info

စက်ရုံအစရှိသည့် အစိုးရ ပိုင်စက်ရုံများမှရှိကြတဲ့ အလုပ်သမားများနှင့်အတူ တက်ကြွစွာ ဦးဆောင်ပါဝင်ဆန္ဒပြတောင်းဆိုခဲ့ပါသည်။ ဆလိုင်းတင်မောင်ဦးဟာ သူ၏ သူငယ်ချင်းဖြစ်သူ ကိုအောင်ထူး *(ယခု ပြည်ပရောက် မြန်မာနိုင်ငံ ရေနံမျာကောင်စီ၏ အထွေထွေအတွင်းရေးမှူး)* အပါအဝင် အခြား အလုပ်သမား၊ ကျောင်းသူ ကျောင်းသားများနှင့်အတူ အလုပ်သမားများ၏ အခွင့်အရေးများ ရရှိရေးအတွက် စစ်အာဏာရှင် (မဆလ) တပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ ဤလုပ်သမားများ၏ တောင်းဆိုချက်များမှာ– ဆန်လုံလောက်စွာ ရရှိရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး၊ လုပ်အားခတိုးမြှင့်သတ်မှတ်ရေး စသည်တို့ဖြစ်ကြသည်။

နောက်ဆုံးတွင် အလုပ်သမားတို့က ဆန်တောင်းသည်ကို စစ်အာဏာရှင် (မဆလ) အစိုးရက ဆန်မပေးဘဲ ကျည်ဆံများသာ ပေးခဲ့ကြသည်။ စစ်အုပ်စုတို့၏ မောင်းပြန်စက်သေနတ်များဖြင့် အလုပ်သမား၊ ကျောင်းသားပြည်သူများကို ရက်ရက်စက်စက် ပစ်ခတ် သတ်ဖြတ်ဖြိုခွင်းမှုကြောင့် မဆလ၏ ထုတ်ပြန်ချက်အရ ၂၃ ဦးသေဆုံးပြီး၊ ၆၀ ခန့် ဒဏ်ရာရသည်ဟု ပြောဆိုခဲ့ပေမဲ့၊ အမှန်တကယ်၌ အပြစ်မဲ့သည့် အလုပ်သမား၊ ကျောင်းသား/သူများ ထုတ်ပြန်ကြေငြာခဲ့သည့် အရေအတွက်ထက် များစွာမက သေကြေ ဒဏ်ရာရရှိခဲ့ ကြပါတယ်။ အထွေထွေအလုပ်သမားသပိတ်ကြီးဟာ စစ်အာဏာရှင်အစိုးရရဲ့ အတည်ပြုပြီးခါစ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို စတင်စိန်ခေါ်အံတုလိုက်တဲ့ ပွဲကြီးဖြစ်ပါတယ်။ ဆိုရှယ်လစ်စီးပွားရေးတည်ဆောက်မှု အက်ဥပဒေ ၁၅/၁ နဲ့ အလုပ်သမားများစွာကို ဖမ်းဆီးတရားစွဲပြီး (၇) နှစ်မှ (၁၅) နှစ်အထိ နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့တယ်။

*<u>ဦးသန့်အရေးအခင်းနှင့် ကျောင်းသားခေါင်းဆောင်ကြီး ဆလိုင်းတင်မောင်ဦး</u>*

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ဟာ ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ တွင် ကွယ်လွန်ခဲ့ပြီးနောက် သူ၏ သဘောဆန္ဒအရ မြန်မာနိုင်ငံ၌ မြေမြှုပ်သင်္ဂြိုဟ်ရန် သူ၏ ရုပ်ကလာပ်အား မြန်မာနိုင်ငံသို့ လေယာဉ်ဖြင့် သယ်ဆောင်လာခဲ့ပါတယ်။ ဦးသန့်၏ ရုပ်ကလာပ် မြန်မာနိုင်ငံ၊ မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိလာသည့်အခါတွင် မည်သည့်အစိုးရ ဆိုင်ရာ အဖွဲ့အစည်းများမှ အသိအမှတ်ပြုကြိုဆိုခြင်း မရှိခဲ့ပါ။ ဦးနေဝင်း၏ မဆလအစိုးရသည် သဘောထားသေးသိမ်စွာဖြင့် ဦးသန့် အားထိုက်တန်သည့် ဈာပန အခမ်းအနားမပေးသည့်အပြင် ဦးနေဝင်း၏ မယားဖြစ်သူ ခင်မေသန်း၏ အုတ်ဂူခြေရင်း၌ မြေမြှုပ်ရန်စီစဉ် ခြင်းဖြင့် ရဟန်းရှင်လူပြည်သူအားလုံးရဲ့ ဆန္ဒကို လျစ်လျူရှုခဲ့ပါတယ်။ ပြည်သူများ၏ ဆန္ဒမှာ– ဦးသန့်၏ ရုပ်ကလာပ်ကို နိုင်ငံတော်ဈာပန အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဂူဗိမာန်တခုနှင့် ဖြစ်စေလိုကြပါတယ်။ ဒီလိုနဲ့ဘဲ ဦးသန့်ရုပ်ကလာပ်ကို သင်္ဂြိုဟ်မယ့် ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့ကို ရောက်ရှိလာခဲ့ပါတယ်။ ဆလိုင်းတင်မောင်ဦးဟာလည်း ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူတွေနဲ့ ထပ်တူထပ်မျှ မကျေနပ်မှု ဖြစ်ခဲ့တယ်။

အဲဒီနေ့က မှတ်မိတာလေးကို ပြောချင်ပါတယ်။ အမေက ဆလိုင်းတင်မောင်ဦးကို စိုးရိမ်စိတ်တွေနဲ့ ဦးသန့်ဈာပနကို မသွားဖို့ တားခဲ့တယ်။ ဒါပေမယ့် ဆလိုင်းတင်မောင်ဦးက *“ကျနော့်အတွက် ဘာမှ မစိုးရိမ်ပါနဲ့၊ ကျနော်သွားမှ ဖြစ်လိမ့်မယ်၊ ကျနော်သွားဖို့ လိုအပ်တယ်”*လို့ ပြောပြီး အိမ်က ထွက်သွားခဲ့တယ်။ ဆလိုင်းတင်မောင်ဦး ဦးသန့်ရှိရာ ရုပ်ကလာပ်ကို ရောက်ရှိတဲ့အခါ ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေဟာ ကျိုက္ကဆံကွင်းတခုလုံးမှာ ပြည့်လျှံနေခဲ့တယ်။ သူတို့ရဲ့ မျက်နှာပေါ်မှာ– မကျေနပ်မှုတွေ၊ မကျေနပ်သံ တွေကို တိုးတိုးတဖုံ၊ ကျယ်ကျယ်တမျိုး ပြောနေတာတွေကို ကြားနေရတယ်။ ဆလိုင်းတင်မောင်ဦးနဲ့အတူ ကိုထွန်းအောင်ကျော် အပါအဝင် တက္ကသိုလ်ကျောင်းသား/သူ အများအပြားလည်း ရောက်ရှိနေကြတယ်။ ဒီအချိန်မှာ ဆလိုင်းတင်မောင်ဦးဟာ ဦးသန့်အတွက် ထိုက်တန်တဲ့ ဂါဝရပြုမှုနဲ့ ဂူဗိမာန်ရရှိဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်။

ဆလိုင်းတင်မောင်ဦးဟာ ဆုံးဖြတ်ချက်ချရင် သူ့ရဲ့ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်တတ်တဲ့သူပီပီ၊ ရုတ်တရက် ချက်ခြင်း အင်မတန်ပြတ်သားတက်ကြွတဲ့ မိန့်ခွန်းတခုကို သူပြောလိုက်တယ်။ သူပြောတဲ့မိန့်ခွန်းရဲ့ အကြောင်းအရာကတော့– *“ဦးသန့် ဟာ မြန်မာပြည်သူလူထုနဲ့ ကမ္ဘာသားများကပါ လေးစားအသိအမှတ်ပြုခံရတဲ့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး တယောက် ဖြစ်တယ်။ အများကြည်ညိုလေးစားရတဲ့ ဦးသန့်လို ပုဂ္ဂိုလ်ကို နေဝင်း (မဆလ) စစ်အုပ်စုက ထိုက်တန်တဲ့ ဂူဗိမာန်မပေးဘဲ၊ လစ်လျူရှု တာ၊ သာမန်ပြည်သူတွေ မြှုပ်နှံတဲ့ ကြံတောသင်္ချိုင်းမှာ နေရာပေးတာဟာ ကမ္ဘာ့ကုလသမဂ္ဂနဲ့ မြန်မာပြည်သူအားလုံးကို စော်ကားခြင်း သာဖြစ်တယ်။ ဒါကို ကျနော်တို့ ပြည်သူအားလုံးက လက်မခံဘဲ ဆန့်ကျင်ပြီး၊ ဦးသန့်အတွက် ထိုက်တန်တဲ့ ဂူဗိမာန်တခုရရှိဖို့ ကျနော် တို့ပြည်သူတွေမှာ တာဝန်ရှိတယ်ဟုဆိုကာ၊ ယခုအချိန်ကစပြီး ဦးသန့်ရုပ်ကလာပ်ကို သမိုင်းအစဉ်အလာကြီးတဲ့ ရန်ကုန် ဝိဇ္ဇာနဲ့ သိပ္ပံ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင်ကို သယ်ဆောင်သွားမှာ ဖြစ်ပါတယ်။ အားလုံးစည်းကမ်းရှိစွာ သယ်ဆောင်သွားကြမှာ ဖြစ်ပါတယ်”* လို့ ပြောလိုက်တဲ့အခါ၊ ကျိုက္ကဆံကွင်းရှိ ပြည်သူလူထုကြီးရဲ့ လက်ခုပ်သံများ ဖုံးလွှမ်းသွားခဲ့ပါတယ်။ ဒီလိုနဲ့ ဦးသန့်ရဲ့ ရုပ်ကလာပ်ဟာ ဘွဲ့နှင်းသဘင်ခန်းမကို ရောက်ရှိလာခဲ့တယ်။ ဒီအရေးအခင်းမှာ သံဃာတော်တွေလည်း ထိပ်ဆုံးကပါဝင်ခဲ့ကြတယ်။

ဆလိုင်းတင်မောင်ဦးဟာ ဈာပနဖြစ်မြောက်ရေးကော်မတီရဲ့ အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့တယ်။ ဒီဈာပန ကော်မတီဟာ ဦးသန့်ရဲ့ ရုပ်ကလာပ်ကို ကြံတောသင်္ချိုင်းအစား၊ သင့်တော်တဲ့ နေရာမှာ ဂူဗိမာန်တခု စီစဉ်ပေးဖို့

တောင်းဆိုခဲ့တယ်။ ရဟန်းရှင်လူကျောင်းသားပြည်သူတွေဟာ တဦးပြီးတဦး၊ မဆလစစ်အစိုးရ ဆန့်ကျင်ရေးတရားတွေ ဟောပြီး ရင်ဖွင့်ခဲ့ကြတယ်။ တရက်ထက်တရက် ပြည်သူတွေ များသထက် များပြားလာခဲ့တယ်။ မဆလစစ်အာဏာရှင်အစိုးရဟာ ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေ ကို ဖမ်းဆီးသတ်ဖြတ် သွေးထွက်သံယိုမှုနဲ့ ဦးသန့်အရေးအခင်းကို ဖြိုခွဲခဲ့တယ်။ နောက်ဆုံးတော့ မကောင်းတတ်လို့ ကန်တော်မင်ပန်းခြံ မှာ– ဦးသန့်အတွက် ဂူဗိမာန်တခုပေးခဲ့တယ်။

*ပြည်ချစ်ပါတီနှင့် ဆလိုင်းတင်မောင်ဦး*

ဆလိုင်းတင်မောင်ဦး မြေအောက်ရေးသွားတဲ့အချိန်မှာ ထိုင်းနယ်စပ်မှာရှိတဲ့ ပြည်ချစ်ပါတီနဲ့ ဆက်သွယ်ပြီး၊ ပြည်တွင်း ကျောင်းသား လှုပ်ရှားမှုတွေကို အကူအညီပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ဒီ့အပြင် ဆလိုင်းတင်မောင်ဦးဟာ ပြည်ချစ်ပါတီမှာ ရှိနေစဉ်ကာလအတွင်း "အဝေးရောက်စစ်အာဏာရှင်ဆန့်ကျင်ရေးကျောင်းသားသမဂ္ဂ"ကို ဖွဲ့စည်းတည်ထောင်ပြီး ဥက္ကဋ္ဌ တာဝန်ကို ယူခဲ့ပါတယ်။ ဆလိုင်းတင်မောင်ဦးဟာ ပြည်ချစ်ပါတီမှာ ရှိနေစဉ်ကာလအတွင်း အထူးအခြေခံစစ်ပညာ သင်တန်းကို (၁) လ နီးပါး တက်ရောက်သင်ယူခဲ့တယ်။ သည်နောက်မှာ– ဆလိုင်းတင်မောင်ဦးဟာ ပိုမိုထိရောက်တဲ့ အာဏာရှင်စနစ်ဆန့်ကျင်ရေးလုပ်ဆောင်ရန် ပြည်တွင်းကို ပြန်လည် ဝင်ရောက်လာခဲ့ပါတယ်။

*မှိုင်းရာပြည့်အရေးအခင်းနှင့် ဆလိုင်းတင်မောင်ဦး*

၁၉၇၆ ခုနှစ်၊ မတ်လ (၂၁) ရက်နေ့မှာ ကျမတို့ မိသားစုတွေအားလုံးကို စစ်ထောက်လှမ်းရေးက ဖမ်းသွားပြီး အကို ဆလိုင်းတင်မောင်ဦး ဘယ်မှာရှိသလဲဆိုတာကို စစ်တယ်။ လူခွဲပြီးစစ်သလို၊ ရက်ရက်စက်စက်နဲ့ ခပ်ကြမ်းကြမ်းစစ်တယ်။ ညမှာ တော့ အဖေနဲ့ အမေ့ကိုတော့ ပြန်ပေးဆွဲတဲ့သဘောမျိုးနဲ့ ဖမ်းထားပြီး ကျမတို့မောင်နှမတွေကိုတော့ ပြန်လွှတ်လိုက်တယ်။ နောက်တရက်– ၁၉၇၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် မှိုင်းရာပြည့်အရေးအခင်းအတွက် ပြင်ဆင်နေစဉ် အတွင်း ဆလိုင်းတင်မောင်ဦး ဖမ်းဆီးခံခဲ့ရပါတယ်။ ကျန်ခဲ့တဲ့ မောင်နှမတွေအားလုံးဟာ အတိုင်းအတာမရှိ ဝမ်းနည်းခဲ့ကြရ တယ်။

ကျမဟာ ကျန်ခဲ့တဲ့ မောင်နှမအားလုံးရဲ့ ဆုံးဖြတ်ချက်နဲ့ ဆလိုင်းတင်မောင်ဦးမပါဝင်လိုက်ရတဲ့ မှိုင်းရာပြည့်အရေး အခင်းဖြစ် မြောက်ရေးအတွက် အခြားကျောင်းသားများနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့၊ မောင်ဖြစ်သူ ဆလိုင်းလှရွှေနဲ့ ၁၉၇၆ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့ နံနက်စောစောမှာ အိမ်မှ ထွက်လာခဲ့ကြတယ်။ ကျမဟာ ငယ်ရွယ် နုနယ်ပြီး အထက်တန်းကျောင်းသူတဦး သာဖြစ်တာကြောင့် ရုတ်တရက် တက္ကသိုလ်ကျောင်းဝင်းအတွင်းကို ဝင်ပြီး၊ တက္ကသိုလ်ကျောင်းသားတွေကို စတင်စည်းရုံးရမှာကို စိုးရိမ်စိတ်တွေလည်း ဖြစ်မိတယ်။ မိမိရဲ့ သေးငယ်တဲ့အသံကို မကြားနိုင်ကြမှာကိုလည်း စိုးရိမ်မိတယ်။ ဒီလိုနဲ့ အိမ်ကထွက်ခါနီးမှာ– မောင်လေးတယောက်ရဲ့ ဝီစီခရာလေးကို ကျမ မျက်လုံးက လှမ်းမြင်လိုက်တယ်။ ဒီဝီစီလေးကို မှုတ်လိုက်ရင် ကျောင်းသားတွေရဲ့ အာရုံဟာ ကျမဆီကို ရောက်လာနိုင် တယ်။ ကျမအတွက် အထောက်အကူဖြစ်နိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီဝီစီခရာလေးကို ယူသွားခဲ့ တယ်။

ဒီလိုနဲ့တက္ကသိုလ်ဝင်းထဲမှာ– ပါလာတဲ့ဝီစီခရာလေးကို မှုတ်လိုက်တဲ့အခါမှာ– ကျောင်းသားတွေက ကြောင်ပြီးဝိုင်း ကြည့်နေကြတယ်။ *"ဒီနေရာ ကျောင်းဆောင်တွေဟာ ကျမတို့နောင်တော်ကျောင်းသားတွေ ခေတ်အဆက်ဆက် ဖောက် ပြန်တဲ့အစိုးရတွေကို သတ္တိရှိရှိတော်လှန်တဲ့ သမိုင်းဝင်နေရာဖြစ်တယ်၊ ဒီနေ့ကျမတို့ မှိုင်းရာပြည့်ချီတက်ပွဲကို ဆင်နွှဲကြ မယ်။"* ဆိုပြီး ကျမ ထွက်နိုင်သမျှ အသံနဲ့ စိန်ခေါ်ပြောလိုက်တဲ့အခါမှာ– ကျောင်းသား/သူတွေပါဝင်လာကြတယ်။ ကျမ လည်း ဝမ်းသာလွန်းလို့ မျက်ရည်တောင် ကျခဲ့တယ်။ မှိုင်းရာပြည့်အရေးအခင်းမှာ ပါဝင်ခဲ့မှုကြောင့် ကျမနဲ့ ကျမရဲ့ မောင် ဖြစ်သူ ဆလိုင်းလှရွှေတို့ဟာ ကျောင်းမှ ရာသက်ပန် ထုတ်ခံခဲ့ရသည့်အပြင်– (၉) နှစ် နဲ့ (၇) နှစ် ထောင်ဒဏ် ချမှတ် စီရင်ခြင်း ခံခဲ့ရတယ်။

*ဆလိုင်းတင်မောင်ဦး ကြိုးပေးအသတ်ခံရခြင်း အနှစ် (၃၄) ပြည့်နေ့နှင့် ပတ်သက်၍–*

စစ်အာဏာရှင်အစိုးရဟာ ဆလိုင်းတင်မောင်ဦးကို မတရားကြိုးပေးသတ်ခဲ့တာ ၂၀၁၀ ခုနှစ် ဇွန်လ (၂၆) ရက်နေ့မှာ (၃၄) နှစ် ပြည့် မြောက်ပြီဖြစ်သော်လည်း မိသားစုများအနေနဲ့ မနေ့တနေ့ကလိုပဲ ခံစားကြရပါတယ်။

မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရရှိရေးအတွက် ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူတွေဟာ အသက်၊ သွေး၊ ချွေး၊ မျက်ရည်တွေနဲ့ တောင်းဆိုခဲ့ကြတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ သားကောင်းရတနာတွေ၊ အစားမထိုးနိုင်တဲ့ ဆုံးရှုံးမှု တွေနဲ့ ကြုံတွေ့ခဲ့ရတယ်။ ဒီကနေ့ ကမ္ဘာပေါ်မှာပြန်ကြည့်ရင် ကမ္ဘာတဝှမ်းလုံးမှာရှိတဲ့ စစ်အာဏာရှင်တွေဟာ နေဝင်ချိန် ရောက် အဆုံးသတ်ခဲ့ကြပါပြီ။ ညမှောင်ပြီးရင် နံနက်ဆိုတာရှိသလိုပါဘဲ၊ မြန်မာနိုင်ငံ ပြည်သူတွေအားလုံး မျှော်လင့်တောင့် တနေတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ဟာ မြန်မာနိုင်ငံမှာ ပေါ်ထွန်းလာမှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါတယ်။ တိုင်းပြည်နဲ့ လူမျိုးစစ်အာဏာရှင်စနစ်ရဲ့ ဖိနှိပ်မှုအောက်မှ လွတ်မြောက်မှုအတွက် အသက်ပေးသွားကြသူများအားလုံးကို ကျန်ရစ်သူ ဆလိုင်းတင်မောင်ဦးမိသားစုမှ ထာဝစဉ် လေးစားဦးညွတ် ပါတယ်။

*********************

www.chinworld.info